
www.dhammadownload.com




# သူဋ္ဌေးသား ကာလ

# တရားနာနည်း

၂၉

(၃-၉-၆၁)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သစ္စာ(၄)ပါး တရားတော် အမှတ်စဉ် (၅) မှ

ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

# ကျေးရူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး၏
# (သောတာနုဂတသုတ်လာ) သံဝေဂလင်္ကာ

၁။ လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နှောင်လာဘဝ မတောင့်တဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသည့်သူကား၊ အယူမလွဲ၊ ဂတိမြဲ၏။

၂။ မီးစွဲလောင်မှ၊ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မင်္ဂကိုရလိမ့်။

၃။ ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရဦး၊ ဘဝအစွန်၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်အစစ်၊ ဧကန်ဖြစ်သည်...မလစ်ဝိပဿနာအကျိုးတည်း။

www.dhammadownload.com

# သူဌေးသား ကာလ
# တရားနာနည်း

(၉-၃-၆၁)

❀ ❀ ❀

နားက ဘုန်းကြီးပြောတာကို နာပါလို့ သတိပေးလိုက်တယ်နော်...ဉာဏ်က ခန္ဓာကိုယ် လှည့်ကြပါလို့၊ ထပ်ပြီး သတိပေးလိုက်ရပြန်တယ်နော်...(မှန်ပါ့)။

တရားကတော့ ဒကာ၊ ဒကာမတွေ နားကထောင်ရမှာပဲ။ ဉာဏ်ကတော့ဖြင့်...(ခန္ဓာလှည့်ရပါမယ်)၊ ဉာဏ်ကတော့ဖြင့် ခန္ဓာလှည့်ရလိမ့်မယ်၊ ဘာကြောင့်တုန်းလို့...ဆိုလို့ရှိရင် နားကတော့ဖြင့် ထောင်တတ်ရုံပဲရှိပါတယ်။ နားက ကြားတတ်တဲ့သတ္တိ မှတ်တတ်တဲ့သတ္တိ ဒါလောက်ပဲ ရှိပါတယ်တဲ့။ ခန္ဓာထဲ ဘာဖြစ်နေတယ်ဆိုတဲ့ မြင်တတ်တဲ့သတ္တိကတော့ ဉာဏ်ကမှ မြင်တတ်တဲ့ ...ၵ်လို မှတ်ထားပါနော်...(မှန်ပါ့ဘုရား)။

www.dhammadownload.com



အဲ့ဒီတော့ **'ဒေသနာဉာဏာနုသာရေန ဉာဏံပေသေန္တ သဿ ဉာဏုတ္တရသဿပေါတိ'** ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဟောတဲ့ အခါကျတော့ တရားပွဲအဆုံးမှာ ဦးခင်မောင်တို့ ကျွတ်တမ်းဝင်ကြတယ်လို့ မပါ,ပါလားဗျာ...(ပါ,ပါတယ်ဘုရား)။

အဲဒါ...ဘယ်လိုများနာလို့ ပါသွားပါလိမ့်မတုန်း...လို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မေးလို့ရှိရင်ဖြင့် ဦးဝ...ဒီဟာ နားထောင်ကြည့်ပါနော်...(မှန်ပါ့)။

ဒေသနာဉာဏာနုသာရေန၊ ဘုရားဟောတော်မူတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဉာဏံပေသေန္တ သဿ၊ **နားကတော့ တရားနာတာပါပဲ၊ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲ လွှတ်ပေးရမယ်** (မှန်ပါ့)၊ ဉာဏ်က ဘယ်လွှတ်ပေးရမယ် (ခန္ဓာကိုယ်ထဲ လွှတ်ပေးရပါမယ်)၊ဉာဏ်က ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့ ခင်ဗျားတို့ကို သတိပေးလိုက်တယ်...(မှန်လှပါဘုရား)။

အဲဒီလို ဖြစ်လာတဲ့အခါကျတော့မှ နားက နာပြီးသကာလ ဘုန်းကြီးဟောတဲ့တရား၊ ဘုရားဟောတော်မူတဲ့ တရားတွေ နားကနာပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ်ပေးပါ... (မှန်ပါ့ဘုရား)၊ ဒါကြောင့် ဒေသနာဉာဏာနုသာရေန၊ ဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့်။ ဉာဏံ၊ ဉာဏ်ကို၊ ပေသေန္တ သဿ၊ ခန္ဓာကိုယ်ထဲမှာလွှတ်သော ပုဂ္ဂိုလ်အား ခန္ဓာကိုယ်ထဲ ဉာဏ်ကလေး လှည့်ပါနော်...(မှန်ပါ့ဘုရား)။

www.dhammadownload.com



ဘာဖြစ်သွားမတုန်းဆိုတော့ ဉာဏတ္တရသ ဟောတိ၊ အမြတ်ဆုံး မဂ်ဉာဏ် ဖြစ်သွားလိမ့်မကွာ...(မှန်ပါ)၊အမြတ်ဆုံး မဂ်ဉာဏ် ဖြစ်သွားတဲ့အခါကျတော့ တရားနာရင်း ကိုယ့်ဟာကိုယ် သောတာပန် ဖြစ်သွားမယ်...(မှန်ပါဘုရား)။

ဦးခင်မောင်ရေ...တယ်အဖိုးတန်ပါကလား...(အဖိုးတန်ပါတယ်ဘုရား) အားလုံး ဒကာ၊ ဒကာမတွေ ဘုရားလက်ထက်က တရားနာနည်းနော်...(မှန်ပါ)၊ ဘုရားလက်ထက်က တရားနာနည်း ဦး၀တို့ ဂရုစိုက်ပါ။

ဒေသနာဉာဏာနုသာရေန၊ မြတ်စွာဘုရား ဟောတော်မူတဲ့ ဒေသနာ ဉာဏ်တွေကို နားကထောင်ပြီးသကာလ ဩော်...ဒီလိုဟောနေပါကလား၊ ခန္ဓာကိုယ်ကြီးအကြောင်း ဒီလိုဟောနေပါကလား...လို့ နားက ထောင်ရမယ်နော်...(မှန်ပါဘုရား)။

နားကထောင်ပြီးသကာလ ဉာဏံပေသေန္တဿ၊ ဉာဏ်၊ မိမိသန္တာန်ပါတဲ့ ဉာဏ်ကလေးကို။ ပေသေန္တဿ၊ ခန္ဓာကိုယ်ထဲမှာ လွှတ်လိုက်စမ်းပါ...(မှန်ပါဘုရား)။

ဒါဖြင့် နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လှည့်... (မှန်ပါ)။ နားက ဘာတဲ့...(တရားနာရပါမယ်)။ ဉာဏ်က ဘာတဲ့...(ခန္ဓာကိုယ်လှည့်ရပါမယ်)။ ခန္ဓာကိုယ်လှည့်...(မှန်ပါဘုရား)။

ဒကာ, ဒကာမတွေ၊ ဒါ...ဘယ့်နှယ်ကြောင့် ဒီလောက် အရေးတကြီး ပြောနေပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ ဒီအချိန်မှာ သမာဓိပညာတွေကလဲ ကောင်းတဲ့အချိန် ဖြစ်နေတော့

www.dhammadownload.com



တရားနာရင်းနဲ့လဲ ဘုရား လက်ထက်က ဘယ်သူ သောတာပန် တည်တယ်၊ ဘယ်သူ သကဒါဂါမ်၊ ဘယ်သူ အနာဂါမ်၊ နန္ဒ တို့များ ဟောလိုက်ရတာ ရဟန္တာကျအောင် တည်တာတွေ ရှိပြီးသကာလ နေတာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုန်း မေးမှာစိုးတဲ့အတွက် ဩော်–သူတို့ တရားနာတာက နားက တရားကို နာပါတယ်။ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ်လိုက်သောကြောင့်... (မှန်ပါ့ဘုရား)၊ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ အရှုခိုင်းလိုက်သောကြောင့် ဉာဏ်ထက်ပြီး သကာလ ထက်တဲ့ မဂ်ဉာဏ် ပေါ်လာတယ်လို့ ပြောတာပါ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ဒီတရားနာနည်းအတိုင်း ဘုန်းကြီးတို့ ဒကာ, ဒကာမတွေလဲ ဒီအတိုင်း နာကြရလိမ့်နော်... (မှန်ပါတယ်ဘုရား)၊ ဘယ်ဆရာတော်ဟောလို့ ဘယ်လိုပဲ နာနာ၊ ဘယ်မှာပဲနာနာ ဩော်–နားက တရားနာရမယ်၊ ဉာဏ်က ခန္ဓာကိုယ်ထဲ စေလွှတ်ရမယ်...(မှန်ပါ့)၊ ဦးခင်မောင် ဉာဏ်က ဘာတဲ့...(ခန္ဓာကိုယ်ထဲ စေလွှတ်ရပါမယ်ဘုရား)။

စေလွှတ်ဖန်များလာတော့ ဉာဏ်ထက်လာလိမ့်မယ်...(မှန်ပါ့)၊ အဲဒီ ဉာဏ်ထက်လာလို့ရှိရင်ဖြင့် ဒကာ, ဒကာမတွေ အဲဒီထက်တဲ့ ဉာဏ့်က ပယ်ထိုက်တဲ့ သောတာပတ္တိ၊ မဂ်ဉာဏ်က ပယ်လိုက်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသဆိုတဲ့ တရားတွေဟာ ပယ်ပြီးသား ဖြစ်သွားတယ်...(မှန်ပါ့)။

ဩော်–ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တရားနာနည်း နိဿရည်းကို အခု ဆရာဘုန်းကြီးက ပေးလိုက်ပြန်တော့

www.dhammadownload.com



တရားနာရင်းကို ကိစ္စပြီးနိုင်တဲ့ သဘောတွေလဲ အဋ္ဌကထာဆရာက ရေးထားတဲ့အတွက် ဦးခင်မောင်...ဒီနာနည်းကို လက်မလွှတ်ပါနဲ့(မှန်ပါ)၊ ဒကာသစ်–ဘာတဲ့တုန်း (ဒီနာနည်း လက်မလွှတ်ပါနဲ့)၊ ဦးဖရင်တို့ နာနည်းပေမယ့် အရေးကြီးတယ်နော်–(ကြီးပါတယ်ဘုရား)။

နာနည်းပေမယ့် ဒကာ, ဒကာမတို့၊ အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ...(မှန်ပါ)၊ တရားနာတာ ဘုန်းကြီးက ပြောတယ်၊ ကုသိုလ်ဖြစ်ရုံကလေး မနာလိုက်ပါနဲ့...(မှန်ပါ)၊ ပဋိစ္စသမုပ္ပာဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါ...(မှန်ပါ)၊ ဦးခင်မောင် ဘယ်လို မှာသတုန်း...(ပဋိစ္စသမုပ္ပာဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါဘုရား)။

ပဋိစ္စသမုပ္ပာဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါဆိုတော့ နောက် အလုပ်နဲ့လဲပြပါလိမ့်မယ် ဒကာ, ဒကာမတို့၊ ပဋိစ္စသမုပ္ပာဒ် ပြတ်ဆိုတဲ့ဥစ္စာက ပဋိစ္စသမုပ္ပာဒ်က "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"ဆိုတာ ဦးခင်မောင် မပြတ်တာ...(မှန်ပါ–မပြတ်တာပါ) မပြတ်တဲ့ ပါဠိတော်နော်...(မှန်ပါ)။

"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"ဆိုတာက ပြတ်လို့ နိဗ္ဗာန်ရောက်တာ ပြောတာ...(မှန်ပါ)၊ အဲဒါကြောင့် ဒကာ ဒကာမတွေ နားက ဘာလုပ်ကြမယ်... (နာရမယ်ဘုရား)၊ နားကဖြင့် တရားပဲ၊ ဘုန်းကြီးဟောတဲ့ ဝိပဿနာတရားပဲ နာရမှာပဲ...(မှန်ပါ)။

www.dhammadownload.com



သို့သော်...နာရုံကလေးနဲ့ ပြီးသလားလို့ မေးတဲ့အခါကျတော့ ဓမ္မသဝန ကုသိုလ်ကလေးနဲ့ ဒကာ, ဒကာမတွေ နိဗ္ဗာန်မရောက်နိုင်သေးတော့ ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ်ဖြတ်တော့ကို ဉာဏ်က ခန္ဓာထဲ လွှတ်လိုက်တော့ ဉာဏ်က ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာကို ဖြစ်ပျက်ရှုလိုက်၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ စိတ်ကို ဖြစ်ပျက်ရှုပြီးသကာလ နာနေလိုက်တဲ့ အခါကျတော့ ဟော... ဦးခင်မောင်တို့၊ ဦးဝတို့ ပဋိစ္စသမုပ္ပာဒ် ပြတ်ပါရောလားဗျာ... (ပြတ်ပါတယ်ဘုရား)။

အဲဒါ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ စေလွှတ်လိုက်တဲ့အတွက် နော်...(မှန်ပါ့)၊ ဉာဏ်က စေလွှတ်လိုက်တော့ ဝိပဿနာဉာဏ်က ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ထားလိုက်တော့ နောက် ပဋိစ္စသမုပ္ပာဒ် ဖြတ်တဲ့ ဝိပဿနာဉာဏ်က ရင့်ကျက်လာပြန်တော့ ဉာဏ်ကလဲ ဒီခန္ဓာကိုယ်ထဲ လွှတ်လိုက်လို့ ရင့်ကျက်လာပြန်တော့လဲ ဉာဏုတ္တရသ၊ ဉာဏ်သည်တဲ့။ ဉတ္တရသ၊ အထူးသဖြင့် မြင်လာတယ်... (မှန်ပါ့)၊ ကြီးကျယ်လာတယ်၊ ထက်မြက်လာတယ်ဆိုတာပါပဲ... (မှန်ပါ့)။

အဲဒီဉာဏ်တွေ ထက်မြက်လာပြီဆိုတော့ ဒကာ, ဒကာမတို့၊ ခုနက ဖြစ်ပျက်တွေ မမြင်ဘဲနဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်မြတ်ကြီး တစ်ခု ဖြစ်လာတယ်လို့ ဆိုတဲ့ဉစ္စာ ဦးခင်မောင်တို့၊ ဒကာဝတို့ မှတ်မိပလား...(မှတ်မိပါပြီဘုရား)၊ ဒါဖြင့် ပထမဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လွှတ်တော့ကို မရင့်သေးဘူးပေါ့ဗျာ...(မှန်ပါ့)၊ လွှတ်ဖန်များလာတော့ ဘယ့်နှယ်ဆိုကြမလဲ...(ရင့်လာပါတယ်ဘုရား)။

www.dhammadownload.com



ရင့်လာတော့ မဂ်ဉာဏ်ဖြစ်ပြီးသကာလ ပဋိစ္စသမုပ္ပာဒ်ကြီး ဘယ့်နှယ်နေပါလိမ့်-(ပြတ်ပါတယ်ဘုရား)၊ ဟ-ပဋိစ္စသမုပ္ပာဒ် ပြတ်တယ်ဆိုတော့ စာလို ပဋိစ္စသမုပ္ပာဒ် ခန္ဓာအလိုတော့ ဒကာ ဒကာမတို့ ဒုက္ခပြတ်တာပါကလား...(မှန်ပါ)။

ခန္ဓာအလိုတော့ ဘာတဲ့...(ဒုက္ခပြတ်တာပါဘုရား)၊ ခန္ဓာ အလိုတော့ ဒုက္ခဖြတ်တာသိတော့ ဒုက္ခနိရောဓ နိဗ္ဗာန်-(မှန်ပါ)၊ သဘောကျပလား(ကျပါပြီ)၊ "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ၊ ဒုက္ခ၏၊ အန္တံ၊ အဆုံးကိုး ကရိဿတိ၊ ထက်တဲ့ဉာဏ်က မျက်မှောက်ပြုနိုင်၏လို့ သံယုတ် ပါဠိတော်ကြီး အရဏဝတီသုတ်မှာ ဟောထားတော့ ဩော်-ဉာဏ်ထက်လာလို့ ရှိရင်ဖြင့် ဒုက္ခ အဆုံးမြင်တဲ့ဉာဏ်လာတော့ ဒုက္ခကို မရှိတော့ပါကလားဆိုတာ ဒကာဝတို့၊ ဦးခင်မောင်တို့ ပေါ်လာကြပြီနော်-(ပေါ်လာပါပြီ ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေတရားလဲနာကြပါ၊ ဘယ်မှာမဆို တရားနာကြပါ၊ နာပြီးသကာလ နာနည်းတော့ဖြင့် ဒီနည်းမပြောင်းပါနဲ့လို့ သတိပေးလိုက်ပါတယ်-(မှန်ပါ)၊ နားက ဘာတဲ့-(တရားနာရမယ်)၊ ဉာဏ်က (ခန္ဓာကိုယ်လှည့်ရပါမယ်)၊ လှည့်ဖန်များတော့ ဉာဏ်ဘာဖြစ်သလဲ-(ထက်ပါတယ်ဘုရား)၊ ထက်လာလို့ရှိရင်ဖြင့် ဒီဉာဏ်သည် နိဗ္ဗာန်မျက်မှောက်ပြုပြီ၊ (မှန်ပါ) နိဗ္ဗာန်မျက်မှောက်ပြုရင် ခန္ဓာ ပဋိစ္စသမုပ္ပာဒ် ဘယ့် နှယ်နေသလဲ (ပြတ်ပါတယ်)၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ် ကြီး ဟောတဲ့အတိုင်း...

www.dhammadownload.com



ယဒါ ဟာဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ…တဲ့။

ဩော်…အကြောင်းတရားတွေ ချုပ်သွားတာဖြင့် သိလိုက်ပါပြီဆိုတော့ ဒုက္ခအကြောင်းတွေ ချုပ်မသွားသေးဘူးလား (ချုပ်ပါတယ်)၊ အဲ…ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်-(နိဗ္ဗာန်ပါဘုရား)၊ ဩော်…ဒါဖြင့် ဒကာ, ဒကာမတို့၊ နားက ဘုန်းကြီးတရားကို နာပါ၊ ဉာဏ်က ခန္ဓာကိုယ်ထဲလှည့်ပါ၊ လှည့်ဖန်များ၍ ဉာဏ်ထက်လာလို့ရှိရင် ဒုက္ခအဆုံး မြင်ပါတယ်…(မှန်ပါ)။

သေသေချာချာမှတ်ပါ ဒကာ, ဒကာမတို့၊ အင်မတန်ကြားရကြုံရခဲတယ်၊ ကုသိုလ်ဖြစ်ရုံကလေး မနာလိုက်ပါနဲ့ဆိုတာကလေးဟာ ကုသိုလ်ဖြစ်ရင်ပဲ ဘုန်းကြီးတို့က အများကြီး ကျေနပ်ပါပြီ၊ အခုတော့ဖြင့် ဉာဏ်တွေကလဲ ထက်လာတဲ့ ပုဂ္ဂိုလ်တွေ ဆရာဘုန်းကြီးကလဲ နည်းပေးပြီးသကာလ ဘုရားကလဲ နည်းပေးထားပြီးရှိပြန်တော့ ဩော်…တို့သည် သံသရာမရှည်ပါနဲ့တော့ဆိုပြီးသကာလ သံသရာပြတ်ချင်တော့ နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လွှတ်…(မှန်ပါ)။

နားက(တရားနာ)၊ ဉာဏ်ကတော့-(ခန္ဓာကိုယ်လွှတ်ရပါမယ်)၊ အဲ…ခန္ဓာကိုယ်ကြည့်လိုက်၊ ကြည့်ဖန်များရင် ဒီဉာဏ်ဘာဖြစ်မယ်(ထက်မြက်လာပါတယ်ဘုရား)၊ အဲ…ထက်မြက်လာလိမ့်မယ်၊ မလာပေဘူးလား…(လာပါတယ်ဘုရား)။

www.dhammadownload.com



အဲဒီကဲ့သို့ ထက်မြက်လာသည်နဲ့ တစ်ပြိုင်နက်တည်း ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ 'ဉာဏုတ္တရဿ ဟောတိ'ဆိုတဲ့ အတိုင်း ဉာဏ်ထက်မြက်လာပါရော၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မြင်ရပါပြီဘုရား)၊ အဲဒီတော့ အထူးတလည် အားထုတ်စရာ ရှိသေးသလား၊ ဒီနေရာမှာပဲ ကိုယ့်ပါရမီ ကိုယ့်ဉာဏ်စွမ်းအလိုက် ကိစ္စမပြီးနိုင်ပေဘူးလား...(ပြီးပါတယ်ဘုရား)။

အဲ...ဒါကြောင့် ဘယ်နေရာပဲပြီးပြီး အလွယ်နဲ့ပြီးလဲ အကောင်းဆုံးပါပဲ၊ ပြီးဖို့ရာအရေးသာ ကျုပ်တို့ ကြီးပါတယ်- (မှန်ပါ့ဘုရား)၊ မောင်မြတို့ သဘောကျပလား...(ကျပါပြီ)၊ နားက ဘာလုပ်ကြမတုန်းဟေ့...(နားက ထောင်ရပါမယ်ဘုရား)။

နားက ခန္ဓာငါးပါး ဘုန်းကြီးဟောတဲ့ ဝေဒနာဖြစ်ပျက်၊ စိတ်ဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်တွေ သူဟောနေတာ နာတာပေါ့ဗျာ ...(မှန်ပါ့ဘုရား)၊ ဉာဏ်က မကြားဘူး ဒကာ, ဒကာမတို့ရဲ့ ကြားတာက နားက ကြားတာ(မှန်ပါ့)။

နားက ကြားတဲ့တရားတွေကို ဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လွှတ်ကြည့်ရမယ် (မှန်ပါ့)၊ ဩော်.. ကြားတဲ့အတိုင်း ကြားတာက ဖြစ်ပျက်တွေ ခန္ဓာကိုယ်ထဲမှာ သဗ္ဗေသင်္ခါရာ အနိစ္စရယ်၊ အနိစ္စာဝတ သင်္ခါရာတွေသာ ရှိတယ်ဆိုတဲ့ဥစ္စာ နားက ကြားတောင်မှ ဉာဏ်က တကယ်ရှိ, မရှိ ခန္ဓာကိုယ်ထဲမှာ ဝေဖန်လာတယ်...(မှန်ပါ့-ဝေဖန်ပါတယ်ဘုရား)။

ဝေဖန်လိုက်တဲ့အခါကျတော့ ဉာဏ်နဲ့ တွေ့သွားလိမ့်မယ် (မှန်ပါ့)၊ ဘယ်လိုပါလိမ့်...(ဉာဏ်နဲ့ တွေ့သွားပါလိမ့်မယ်)၊

www.dhammadownload.com



ဉာဏ်နဲ့တွေ့သွားတဲ့အခါ ဟာ...ဒါဖြင့် ဖြစ်ပျက်နဲ့ ဝိပဿနာမဂ်နဲ့ ကိုက်ပါပေ့လားဆိုပြီး ကြိုးစားပြီးသကာလ ဒကာ, ဒကာမတွေ ထိုင်ရင်း ရှုလိုက်တာပေါ့ဗျာ...(မှန်ပါ့)။

ရှုလိုက်တော့ ဒီဉာဏ်သည် ရှုဖန်များလာတော့ ခန္ဓာက ပထမတော့ ဖြစ်ပျက်တွေ့တာ နည်းတယ်နော်-(မှန်ပါ့)၊ နောက်ကျတော့ ဖြစ်ပျက်တွေက တစ်စပ်တည်းဖြစ်ပြီး မလာပေဘူးလား...(လာပါတယ်ဘုရား)။

အဲဒီကဲ့သို့လာတဲ့အခါကျတော့ဖြင့် ဦးခင်မောင်တို့ ဒကာဝတို့ ဉာဏ်ထက်လို့မှတ်ပေတော့...(မှန်ပါ့)၊ ဉာဏ်ထက်တော့ ဒီဉာဏ် သည်ကားလို့ ဆိုလို့ရှိရင် ဒကာ, ဒကာမတို့ ဒီထက် ပိုထက်တဲ့ အခါကျတော့ ဒါတွေ ဒုက္ခသစ္စာပဲလို့ ပိုင်းခြားချလိုက်တော့ ဒုက္ခတွေ ချုပ်မသွားဘူးလား...(ချုပ်သွားပါတယ်ဘုရား)၊ ဒုက္ခတွေ ချုပ်သွားလို့ရှိရင်ဖြင့် တဏှာချုပ်လို့ ဒုက္ခချုပ်တာပဲ(မှန်ပါ့)၊ ဒိဋ္ဌိချုပ်လို့(ဒုက္ခချုပ်တာပါဘုရား)၊ ဝိစိကိစ္ဆာချုပ်လို့(ဒုက္ခချုပ်တာပါ ဘုရား)၊ အဲ...ဒုက္ခချုပ်တဲ့ ခုနက နိဗ္ဗာန် မဂ္ဂဿ နိဗ္ဗာန် ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယောဆိုတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပေါ်လာတယ် (မှန်ပါ့)၊ မပေါ်လာပေဘူးလား...(ပေါ်လာပါတယ် ဘုရား)။

အဲ...ဒါကြောင့် အင်မတန် ကံကောင်းအကြောင်းသင့်ပြီး သကာလ နေတဲ့အခါ တရားနာနည်း နိဿရည်းကိုလဲ ဒကာ ဒကာမတွေက အမှန်အကန်ရပြန်တော့၊ တို့သည်ကားလို့ ဆိုလို့ ရှိရင် ဆရာဘုန်းကြီးမေးလဲ ဖြေမကွ၊ သဘောကျပလား...

www.dhammadownload.com



(ကျပါပြီ)၊ ဉာဏ်နဲ့လဲ ခန္ဓာကိုယ်မေးတဲ့အခါ လှည့်နေမယ်ကွ (မှန်ပါ့)၊ လှည့်ဖန်များရင် ဉာဏ်ဘာဖြစ်မလဲ...(ထက်လာမယ်)၊ ထက်လာလို့ရှိရင် ခန္ဓာပဋိစ္စသမုပ္ပာဒ် ဘာဖြစ်မလဲ...(ပြတ်ပါတယ် ဘုရား)၊ ပြတ်မယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ် ဘုရား)။

ဒါကြောင့် ယနေ့ ထူးထူးလည်လည်ပဲ ဒီဒကာ, ဒကာမတွေ တရားနာနည်း နိဿရည်း ပြောရပါတယ် ဆိုတာကော သဘော ကျပလား...(ကျပါပြီ)၊ ကောင်းပြီ၊ ဒီဥစ္စာ ဘယ်မှာလာပါလိမ့်မလဲ လို့ မေးတဲ့အခါကျတော့မှ ဒကာ, ဒကာမတို့၊ **အနာထပိဏ် သူဌေးကြီးရဲ့သား 'ကာလ'**ဆိုတာ ကြားဖူးတဲ့ပုဂ္ဂိုလ်လဲ ကြားဖူး ကြပါပြီ ဦးခင်မောင်...(မှန်ပါ့)၊ အနာထပိဏ် သူဌေးကြီးရဲ့သား ဘယ်သူပါလိမ့်...(ကာလ,ပါဘုရား)။

အေး...ကာလဆိုတဲ့သား ရှိတယ်နော်၊ ဒါကလေး နည်းနည်း နားထောင်ပါဦး၊ ပြီးတော့မှ သုသိမကို ပြောတာပေါ့...(မှန်ပါ့)၊ ဒကာ, ဒကာမတို့၊ အနာထပိဏ်သူဌေးကြီးရဲ့သား ဘယ်သူပါလိမ့် ...(ကာလ,ပါဘုရား)။

အေး...ကာလ, ကာလနော်...(မှန်ပါ့)၊ အနာထပိဏ်သူဌေးကြီး ကတော့ သောတာပန် တည်ပြီးသကာလ နေတော့တယ် ဦးခင်မောင်ရေ...(မှန်လှပါဘုရား)၊ သူ့သားက တေလေဖြစ်နေ တယ်...(မှန်လှပါဘုရား)၊ သူက သောတာပန်၊ သားက ဘာတုန်း ...(တေလေပါဘုရား)။

အင်း...အဖေက သောတာပန်၊ သားက တေလေဖြစ်နေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ရင်သွေးဖြစ်တဲ့ သားကို ဘယ်နည်းနဲ့မှ အပါယ်သွားတာ မကြည့်နိုင်ဘူး...(မှန်ပါ့)။

www.dhammadownload.com



အပါယ်သွားတာ မကြည့်နိုင်တာနဲ့ကွာ ကာလတို့များ မိုက်လိုက်တာ၊ တစ်နေ့မှာ ငါ့မှာ သံဃာငါးရာ နေ့တိုင်း ဖျာထွေခင်း၊ ယာဂုတွေကပ်၊ ဆွမ်းချိန်ဆွမ်းကပ်လို့ ဒီလောက် သာသနာတော်ကြီး ငါ ချီးမြှောက်ပြီးသကာလ နေတာ ကူဖော် လောင်ဖော်မရ၊ တရားနာဖော်မရ၊ နေ့တိုင်း အနုမောဒနာ ပြုတာလဲ ဒီအိမ်ပေါ်မှာ၊ ဒီတိုက်ပေါ်မှာ၊ ဒါလဲ အနုမောဒနာ ပြုဖော်မရဘူး။

ငါ့ရှေ့တွင် ဒီအကောင် အပါယ်သွားတာတော့ ငါသည် အဖဖြစ်ပြီး မေတ္တာကရုဏာတွေက များလွန်းလို့ သူ့ကိုဖြင့် မကြည့်နိုင်ဘူးဆိုပြီးသကာလ လောကကြီး၌ ငွေနှင့် ဖြားယောင်း လို့ရှိရင်ဖြင့် မရတဲ့ပုဂ္ဂိုလ်တော့ ရှားပါတယ်ဆိုပြီးသကာလ ဦးဝရေ ငွေနဲ့ဖြားယောင်းတယ်နော်…(မှန်လှပါ့ဘုရား)၊ ဘာနဲ့ ဖြားယောင်းသလဲ…(ငွေနဲ့ဖြားယောင်းပါတယ်ဘုရား)။

ငွေနဲ့ဖြားယောင်းရပြန်တယ်၊ ကာလ,ရေ…အနာထပိဏ် သူဌေးကြီးက ခေါ်လိုက်တယ်၊ လာစမ်းပါဦးကွာ၊ မင်းကွာ ဘုရားကျောင်းတော်မှာ ငါ ကျောင်းဒါယကာလဲ ဖြစ်နေတယ်။

အဲဒီဘုရားကျောင်းမှာ မင်းနဲ့လဲ အင်မတန်အကျွမ်းဝင်တဲ့ သံဃာတွေဟာ အကုန်ရှိနေတာပဲ၊ တစ်နေ့တလေများ ကျောင်း သွားပြီး ဥပုသ်စောင့်လို့ရှိရင်ကွာ…အဖလုပ်တဲ့ပုဂ္ဂိုလ်က မုန့်ဖိုးတစ်ရာပေး မယော့…(မှန်လှပါဘုရား)၊ ဘယ်လောက်ပေးပါ လိမ့်…(တစ်ရာပါဘုရား)။

အဟုတ်လားလို့၊ တစ်ရာဆိုပေမယ့် ရှေးငွေကတော့ ဦးခင်မောင် အဖိုးတန်တယ်နော်–(မှန်ပါ့ဘုရား)၊ အခု တစ်ရာမျိုးနဲ့

www.dhammadownload.com



သွားမတွက်နဲ့၊ ရှေးငွေက အဖိုးတန်တယ်လို့ မှတ်ထားပါ...(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ တစ်ရာပေးမယ်ဆိုတော့ အဟုတ်လားလို့မေးတယ်၊ ဟုတ်ပါတယ်ကွ၊ ငါက ဘယ်လိမ်လိမ့်မတုန်း၊ သောတာပန်က ဘယ်လိမ်လိမ့်မတုန်း ဦးခင်မောင်-(မှန်လှပါဘုရား)၊ ဦး၀ လိမ်ပါ့မလား-(မလိမ်ပါဘုရား)။

အဲ-မလိမ်တာနဲ့ ငါမလိမ်ပါဘူးကွ၊ မင်း တစ်နေ့တည်း ဥပုသ်စောင့်၊ ပြန်လာလို့ရှိရင် သေသေချာချာ ငွေတစ်ရာပေးပါမယ် ဆိုတော့ ကဲ-ကောင်းပြီ၊ ကျုပ် ဥပုသ်သွားစောင့်မယ် ဆိုပြီး သကာလ ဘုရားကျောင်းတော် အနာထပိဏ်သူဌေးဆောက်တဲ့ ကျောင်းမှာပဲ သွားလိုက်တယ်၊ သွားပြီးသကာလ ဥပုသ်စောင့် သလိုလို ဘာလိုလိုနဲ့ ဒကာ၀,ရေ-ကျောင်းမှာ အိပ်ပြီး ပြန်ခဲ့တာ ပေါ့ (မှန်လှပါဘုရား)။

သူက ငွေတစ်ရာလိုချင်လို့ သွားတာကိုး-(မှန်လှပါ)၊ ငွေတစ်ရာလိုချင်လို့ သွားတာဖြစ်ပြီးသကာလ နေတော့ သူသည် ငွေရဖို့ပဲ ဒကာသစ်တို့ အရေးကြီးနေတယ်...(မှန်လှပါဘုရား)။

သီလဆောက်တည်ဖို့ သူ့အရေး ဟုတ်ပါရဲ့လား-(မဟုတ်ပါဘုရား)၊ ငွေရဖို့အရေးက သူ့အရေးပေါ့ဗျာ...(မှန်လှပါဘုရား)။

အဲဒီလိုနဲ့ပဲ သူသွားပြီး ဆောက်တည်ပြီးသကာလ တစ်ည အိပ်တယ် ကျောင်းမှာ၊ မနက်ကျတော့ ဘုရားနဲ့တကွ သံဃာငါးရာ ကဲလဲ အိမ်ကြွလာတဲ့အခါ သူက နောက်ကနေပြီး လိုက်လာတာ ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

www.dhammadownload.com



အဖလုပ်တဲ့ပုဂ္ဂိုလ်က အိမ်ပြတင်းပေါက်ကနေပြီး ထွက်ပြီး ကြည့်လိုက်တယ်၊ ဩော်...ငါ့သားဖြင့် ညစာတောင် မစားဘဲနဲ့ ဥပုသ်စောင့်လာတဲ့ဥစ္စာ သူ့အစေခံတွေကို ယာဂုတို့၊ ဘာတို့ ပြင်ထားကြပါကွာ...

ကာလ,ဟာ ဥပုသ်စောင့်လာတယ်ဟေ့လို့ ဆိုပြီးသကာလ ဘုရားနဲ့တကွ အိမ်ပေါ်တက်လာပြီးသကာလ ဘုရားကို ဆွမ်းတွေ ဘာတွေ၊ ယာဂုတွေကပ်၊ သံဃာတော်တွေကပ်၊ ကာလ,ကလဲ အစေခံတွေပြောထားလို့ သူလဲ ဆာလာတယ်ကွ၊ မင်းတို့က မြန်မြန်ပြင်ပြီး ဆင်ပြီး ကျွေးကြ၊ မွေးကြကွ...ဆိုတော့ ဦးခင်မောင် ဘုရားနဲ့ သံဃာတွေကတော့ ဘုဉ်းပေးနေပြီ၊ ကာလ,က ဖွန်းတောင် မကိုင်ဘူးတဲ့၊ ယာဂုသောက်ဖို့...(မှန်လှပါဘုရား)။

ဘာဖြစ်လို မကိုင်သတုန်း မေးတဲ့အခါကျတော့ ငွေမရရင် မသောက်ဘူးကွ...တဲ့၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဘာဖြစ်တာပါ လိမ့်–(ငွေမရလို့ မသောက်တာပါ)၊ ငွေမရ မသောက်ဘူးဆိုတော့ ဒကာသစ် သေချာပြီဗျ...(မှန်ပါ့)၊ ဘယ်လို သေချာသတုန်း– (ငွေမရ မသောက်ပါ)၊ ငွေမရရင် မသောက်ဘူးဆိုတော့ ဦးခင်မောင် အခက်ကြီးပါလားဗျာဟင်...(မှန်ပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီး သကာလနေတော့ အနာထပိဏ် သူဌေးကြီး ကလည်း ဆွမ်းတွေ၊ ဆန်ပြုတ်တွေ အမျိုးမျိုး အဖုံဖုံ ကြိုက်တတ်ရာ ရာတွေမှာ သူ့မှာ သူဌေးဖြစ်လို့ အကုန် အစုံအလင် ကပ်ပြီး သကာလ သူ့သားဆီ လာရှာတာပေါ့။ သမုဒယကတော့ ဒကာ, ဒကာမတို့၊ သောတာပန်ပေမယ့် ဒိဋ္ဌိဝိစိကိစ္ဆာသာ ပယ်သေးတာကိုး...(မှန်လှပါ)။

www.dhammadownload.com



သမုဒယ ၃–ပိုင်း ၁–ပိုင်းသာဆိုတော့ ၄–ပိုင်း ၃–ပိုင်းက ကျန်သေးတယ်...(မှန်ပါ့ဘုရား)။

ကဲ...ဒါနဲ့ သူ့သားဆီလာတယ်၊ ဟော့...ကာလ၊ မင်း မနေ့ညက ဥပုသ်စောင့်တယ်၊ ထမင်းကလည်း ဆာလှမှာပေါ့၊ ယာဂုကို သောက်ပါလား၊ ဟာ...မသောက်ဘူးဗျာ...။

ဟ...ဘယ့်နှယ်ကြောင့် မသောက်တာတုန်း...တဲ့၊ အို...ငွေ တစ်ရာပေးမယ်ဆိုတဲ့ဥစ္စာ ငွေတစ်ရာရမှ သောက်မယ်၊ အံမာလေး ဗျာ...ယာဂုသောက်ဖို့ကို ငွေတစ်ရာ ပေးရဦးမယ်တဲ့...(မှန်လှပါ ဘုရား)။

ဒကာ,ဒကာမတို့ လွယ်ရဲ့လား–(မလွယ်ပါဘုရား)၊ သဒ္ဓါ ဆိုတာ ပါရဲ့လား...(မပါ–ပါဘုရား)။

အဲဒီတော့ သဒ္ဓါဆိုတာ မပါဘဲဖြစ်ပြီးသကာလနေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဦးခင်မောင် ကြည့်မနေနိုင်ဘူးပေါ့ ...(မှန်ပါ့ဘုရား)။

ဒါနဲ့ ငွေတစ်ရာယူပြီး ဒီနားချတော့မှ၊ သူ့ကို ပေးတော့မှ ဒကာ,ဒကာမတို့ ခုနကပြောတဲ့ ယာဂုကို သောက်ပါတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကယ် သဒ္ဓါတရား ပါရဲ့လားမေးရင် ဘယ့်နှယ် ပြောမလဲ–(မပါ–ပါဘုရား)၊ မပါ–ပါဘူး၊ သို့သော်...အဖေလုပ်တဲ့ ပုဂ္ဂိုလ်မို့ ယဉ်းသွင်းရတဲ့ အဓိပ္ပာယ်ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ သားသမီးတွေလည်း ဒီလိုပဲ၊ ဟ...သံဃာတော်တွေ ဝတ်ချကြဟ၊ ဟ...ဆွမ်း–ကွမ်း ကပ်ချေပါဟ၊ ဟ...ကျောင်းသွား ဘာကလေးပို့ချေပါဟ...အစရှိသည်နဲ့ ဒီလို ယဉ်းသွင်းရတာပဲ...။

www.dhammadownload.com



ဒါနဲ့ ငွေတစ်ရာရတော့မှ ယာဂုသောက်ပြီးသကာလ ဒီနား မလာပါဘူး။ သူ့ဟာသူ ငွေတစ်ရာ သုံးဖြုန်းပြီးသကာလ ဦးခင်မောင် ကုန်တာပဲ...(မှန်လှပါဘုရား)။

ဒါနဲ့ ငွေတစ်ရာနဲ့ ကျောင်းတော့ တစ်ခေါက်သွားဖော်ရပြီကွ တော်ပြီ၊ ဒီအကောင် နောက် ၄-၅ ရက်နေတဲ့အခါကျတော့ ကာလ-လာပါဦးကွ၊ ငွေနဲ့ဖြားယောင်းလို့ရမှန်း သိပြီ၊ ကျောင်း သွားလို့ပေါ့ဗျာ...(မှန်ပါ)။

ကျောင်းသွားတယ်ဆိုကတည်းက နည်းနည်းတော့ အဖိုးတန် လာပြီ...(မှန်ပါဘုရား)။

ဒါနဲ့ ကာလရေ...(မှန်လှပါဘုရား)။ဒီတစ်ခါတော့ကွာ တစ်ထောင်ဟေ့...ဈေးတက်သွားတယ်၊ ဒီတစ်ခါကျတော့ ကျောင်းသွားပြီး တရားကလေး တစ်ပုဒ်တည်းမှတ်၊ မှတ်လို့ရှိရင် တစ်ထောင်ပေးမယ်ကွတဲ့...(မှန်လှပါဘုရား)။

ဟုတ်ပါ့မလားတဲ့...တဲ့၊ အို...မင်းနှယ် အရင်တစ်ရာတုန်းက သေချာပြီးသားပဲ၊ မင်း ဟုတ်ပါ့မလားလို့မမေးနဲ့တော့၊ သွားသာ သွား၊ တရားတစ်ပုဒ်တည်း မှတ်မိလို့ရှိရင် တစ်ထောင်၊ ဂါထာ ၄-ပါဒရှိတဲ့အနက်က ရှစ်လုံးလောက် မှတ်မိရင်ပဲ သူက တစ်ထောင်ပေးတော့မယ်...(မှန်ပါဘုရား)။

အဲ...ဒါနဲ့ အရင်ငွေတွေကလည်း သူဟာ ရ,တာသိနေတာနဲ့ ဒီတစ်ခါတော့ သွားမှပဲ၊ ငွေတစ်ထောင်ဆိုတော့ နည်းတာမဟုတ် ဘူးဆိုပြီးသကာလ ဒကာ,ဒကာမတို့၊ ငွေတစ်ထောင်ပေးပြီး ကျောင်းတော်သွား၍ တရားနာခိုင်းလိုက်တယ်၊ ဥပုသ် စောင့်ပြီး တရားနာခဲ့ကွတဲ့။

www.dhammadownload.com



ဒီတော့ ဘုရားတရားကို နာရှာတာပဲ၊ နားက နာလိုက်၊ ဉာဏ်က ခန္ဓာကိုယ်ထဲ မလွှတ်တော့ ပျောက်ပျောက်သွားတယ်... (မှန်လှပါဘုရား)။

နားကတော့-(နာပါတယ်ဘုရား)၊ ဉာဏ်က ခန္ဓာကိုယ်ထဲ မလွှတ်တော့...(ပျောက်ပျောက်သွားတယ်)၊ မဖြစ်သေးပါဘူး၊ ငါ့မှာ မှတ်မိမှ တစ်ထောင်ရမှာ...ခွကျနေတာက ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ဘယ်လိုမှ တစ်ထောင်ရမှာတုန်း...(မှတ်မိမှ တစ်ထောင်ရမှာပါ)၊ မှတ်မိမှ တစ်ထောင်ရမှာ ဖြစ်နေတော့ ဒကာ,ဒကာမတို့ ဒီအတိုင်း မှတ်မိလို့တော့ မဖြစ်တော့ဘူး နားကတွင် မှတ်လို့တော့ မဖြစ်ဘူး၊ ခန္ဓာထဲမှတ်မှ ရမှာ...ပေါ်လာတယ်...(မှန်ပါ)။

ဒကာ,ဒကာမတို့ ဘယ်လိုမှတ်ရမှာတုန်း...(ခန္ဓာထဲမှတ်မှ ရမှာပါဘုရား)။

အေး-ခင်ဗျားတို့လည်း ကာလအမျိုးတွေမို့ ဟောနေရတယ် နော်-ရိပ်မိကြပလား...(မှန်လှပါဘုရား)။

ခင်ဗျားတို့လည်း တော်တော်ကြာ အိမ်ကျတော့ ဘုန်းကြီး ဘာဟောလိုက်ပါလိမ့်၊ အို-ခလုတ်တိုက်တာနဲ့ မေ့လိုမေ့၊ စိတ်ရှုပ်တာနဲ့ မေ့လိုမေ့၊ ဒကာ,ဒကာမတို့၊ ကိုယ်နဲ့ကာလနဲ့ အတူတူပဲ မကျဘူးလား...(ကျပါတယ်ဘုရား)။

အဲဒါကြောင့်-တဲ့၊ ဒီလိုလဲ မဖြစ်ကြပါစေနဲ့ဆိုပြီး သကာလ ခုနက စကတည်းက "ဒေသနာ ဉာဏာ နုဿရေန ဉာဏ် ပေသေန္တ သာ ဉာဏုတ္တရသာ ဟောတိ"ဆိုပြီး သကာလ

www.dhammadownload.com



ဒီအဌကထာပါဠိကို ဦးခင်မောင်ရေ ကိုးကားပြီး ဒီဝတ္ထု ထုတ်ခဲ့ရတယ်နော်...(မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားက သဗ္ဗေ သင်္ခါရာ အနိစ္စတွေ ဟောလိုက်။ သဗ္ဗေ သင်္ခါရာ ဒုက္ခတွေ ဟောလိုက်၊ ကာလ နားကတော့ ကြားပါရဲ့၊ ဘယ်ဟာ အနိစ္စ၊ ဘယ်ဟာ ဒုက္ခရယ်လို့ သူ မသိဘူး...(မှန်ပါ့ဘုရား)။

ဒါနဲ့ မဖြစ်ပါဘူးဆိုပြီးသကာလ မောင်မြရေ ခန္ဓာကိုယ်ထဲ လှည့်လိုက်တယ်၊ ခန္ဓာကိုယ်ထဲ လှည့်လိုက်တော့ ခန္ဓာကိုယ်က ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ပျက်စီးနေတာကလေး မြင်တော့ ဩော် ဒါ...အနိစ္စပါလား...ဩော်...ဒါ-ဒုက္ခပါကလား-ဒါ...အနတ္တပဲ ဆိုတော့ ဩော်-အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟောတာ ဒီပြင် ဘာမှ မဟောတော့ဘူး...(မှန်ပါ့)။

ဒီလို သူနာတာပေါ့ဗျာ...(မှန်ပါ့ဘုရား)၊ ဘယ်ကြည့်နာပါလိမ့် (ခန္ဓာကြည့် နာပါတယ်ဘုရား)။

ခန္ဓာကြည့်နာရင်းနဲ့ ဒကာ,ဒကာမတို့ ဉာဏ်က ခုနက ပြောသလို 'ဉာဏုတ္တရ ဟောတိ' ဆိုတဲ့အတိုင်း ဉာဏ်က အလွန်ကြီးကျယ် မြင့်မြတ်တဲ့ ဉာဏ်ကြီး ဖြစ်လာတယ်...(မှန်ပါ့ ဘုရား)။

ဉာဏ်ကြီး ဖြစ်ပြီးသကာလ ဦးခင်မောင်-နာရင်း မတ္တ ခန္ဓာ ကိုယ်ထဲ ဉာဏ်လွှတ်လိုက်တာ သောတာပန် တည်သွားတယ်... (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒကာ,ဒကာမတို့၊ ဘာဖြစ်သွားသလဲ...(သောတာပန် တည် သွားပါတယ်ဘုရား)၊ အဲဒါ ဓမ္မပဒမှာ လာပါတယ် ဒကာ, ဒကာမတို့နော် ဒါ–ဘယ့်နှယ်ကြောင့်တုန်း နာနည်းမှန်လို့ပေါ့... (မှန်ပါ့ဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့ အမိအဖ ဆွေမျိုးဉာတကာ ညီအစ်ကို မောင်နှမတွေ ဖြစ်နေတော့ နာနည်းမှန်ဖို့ကလည်း အရေးကြီးသေးတယ်...(မှန်ပါ့ဘုရား)။

ဦးဝရေ–ဘယ့်နှယ်တုန်း...(နာနည်းမှန်ဖို့ အရေးကြီးပါတယ် ဘုရား)၊ အားလုံး ဒကာ,ဒကာမတွေ သေသေချာချာ မှတ်ပါ ကာလ တရားနာနည်းကို အခုပြောတာ...(မှန်ပါ့)၊ ဘယ်သူ့ တရားနာနည်းပါလိမ့်...(ကာလ တရားနာနည်းပါဘုရား)။၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေလည်း ဪ... နားက တရားနာရပါကလား၊ နာတဲ့တရားကို ဉာဏ်က ခန္ဓာထဲမှာ စေလွှတ်ရမယ်...(မှန်ပါ့)။

ထိုသို့ လွှတ်လိုက်တဲ့အခါကျတော့ နားကနာတဲ့ မှတ်သားမှုနဲ့ ဉာဏ်အမြင်နဲ့ သွားကိုက်ရမယ်...(မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ နားက...(နားက မှတ်သားမှုနဲ့ ဉာဏ်အမြင်နဲ့ သွားကိုက်ရပါမယ်ဘုရား)၊ ဘာ့ကြောင့်တုန်းဆိုတော့ နားက ပဋ္ဌဒ္ဓါရ ဖြစ်နေတော့ နိဗ္ဗာန် မရောက်နိုင်ဘူး...(မှန်လှပါ)။

ဉာဏ်ကတော့ မနောဒ္ဓါရဖြစ်ပြီးသကာလ နေတော့ ဒကာ, ဒကာမတို့ ပဋိစ္စသမုပ္ပာဒ်ပြတ်တဲ့ မဂ်ဉာဏ် ဖြစ်နိုင်တယ်...(မှန်ပါ့ ဘုရား)။၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

www.dhammadownload.com



အဲဒီတော့ ဩော်–ဒီတရားဟာ ခုနက သုသိမ ဟောသလို နာနည်း ဟောတာ အတော် အရေးကြီးပါကလားဆိုတာ ခင်ဗျားတို့ တစ်ပွဲလုံး မှတ်ပါ...(မှန်လှပါဘုရား)။ အရေးမကြီးဘူးလား ...(ကြီးပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေဟာ ဩော်–တရားကို ဘုန်းကြီးကပြောလည်း ပြောရှာတယ်...ကောင်းလည်း ကောင်းပါတယ်၊ ကျင့်ဖို့လည်း ကောင်းပါတယ်၊ ကျုပ်တို့က မလုပ်နိုင်ဘူး၊ ဒါနဲ့ ပြန်ပြေးတာပဲ...(မှန်ပါ့ဘုရား)။

တရားက ကောင်းလည်း ကောင်းပါတယ်၊ မှန်လည်း–မှန်ပါပေတယ်၊ ကိုယ်က မတတ်နိုင်တာက ခက်တယ်၊ ဒါနဲ့ အားမထုတ်ဘူး၊ ပြန်တာပဲ သူကတော့...(မှန်ပါ့)။ ခန္ဓာမှ မဟုတ်ဘဲကိုးဗျ...(မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ဒကာ,ဒကာမတွေက ကြွေးကို မထားပါနဲ့တော့ ဆိုတာ ပေါ်လာကြပလား...(ပေါ်လာပါပြီဘုရား)၊ တရားနာရင်း နားကဘာတုန်း...(နားက နားထောင်ရပါမယ်)၊ အဲဉာဏ်က ဘယ်လွှတ်ပါလိမ့်...(ခန္ဓာလွှတ်ပါတယ်ဘုရား)။ အဲ အလုပ်ပါသွားပြီ၊ အလုပ်ပါသွားပြီ...(မှန်ပါ့)။

ဒကာ,ဒကာမတို့၊ အိမ်ကျမှ ခလုတ်တိုက်ပြီး ဘုန်းကြီးတရားအဖြုန်းတီတော့ မခံနိုင်ဘူး ခင်ဗျားတို့...(မှန်ပါ့)၊ရိပ်မိကြပလား–(ရိပ်မိပါပြီဘုရား)။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့ တရားကို သားရေး၊ သမီးရေး၊

www.dhammadownload.com



စီးပွားရေးကြောင့် ခလုတ်တိုက်တာနဲ့ ပျောက်ရမယ်ဆိုတော့ ဦးခင်မောင်...အင်မတန် မနာဘူးလားဗျာ...(နာပါတယ်ဘုရား)။

အဲဒီတော့ အကြွေးတော့ မပေးနိုင်ဘူး၊ လက်ငင်းပဲ ယူကြပေတော့...(မှန်ပါ့ဘုရား)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဘာတဲ့တုန်း...(အကြွေးတော့ မပေးနိုင်ဘူး၊ လက်ငင်းပဲ ယူရပါမယ်)၊လက်ငင်းကို ယူသွားမှ ဒကာ,ဒကာမတို့၊ လက်ငင်းဆိုတာက နားက ဘာလုပ်ရမယ်...(နာရပါမယ်)၊ ဉာဏ်က ခန္ဓာကိုယ်ထဲကို...(လွှတ်ရပါမယ်ဘုရား)။

လွှတ်ဖန်များရင် ဘာဖြစ်မယ်...(ထက်ပါတယ်ဘုရား)၊ အဲ... တစ်နာရီအတွင်း လွှတ်လိုက်ရတဲ့ ဉာဏ်သည်...တဲ့၊ အများကြီး ထက်လိမ့်မယ်ဆိုတာ ဦးခင်မောင် ပေါ်လာရောပေါ့ဗျာ–(ပေါ်ပါတယ်ဘုရား)၊ မပေါ်လာပေဘူးလား–(ပေါ်လာပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်တော့ ခင်ဗျားတို့က စနေ၊ အင်္ဂါတွေက သိပ်ရှေ့တယ်၊ ဘယ်နေ့ကျမှ၊ ရက်ကလည်း မကောင်းသေးဘူး၊ ပြဿဒါးက စ,နေတယ်၊ ဘယ်နေ့ကျမှ၊ တရားအားထုတ်တာတောင် ပြဿဒါး ရွေးနေလို့ မဖြစ်ပါဘူး...(မှန်လှပါဘုရား)။

တချို့ ဒကာ,ဒကာမတွေက အခုတော့ အလကားနေဦးမယ်၊ တန်ခူးလလောက်မှ အို...ဖြစ်မှ ဖြစ်ရပလေ...(မှန်ပါ့)၊ တန်ခူးလ သင်္ကြန်ကျတာနဲ့ ခင်ဗျားတို့က သင်္ကြန် မကျခင် သေနိုင်တဲ့ဥစ္စာ၊ ဒါလည်း ကြည့်တာမဟုတ်ဘူး၊ သင်္ကြန်စောင့်ချင် စောင့်နေတာ– (မှန်ပါ့ဘုရား)၊ အင်မတန် မဆိုးရွားဘူးလား...(ဆိုးရွားပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ သဿတ ဒိဋ္ဌိကလည်း ရှိတယ် ဦးခင်မောင်...(မှန်ပါ့ဘုရား)၊ သကြ်န်ကျ အောင် ကိုယ့်ခန္ဓာကိုယ်ကြီး ခိုင်တယ်၊ မြဲတယ်လို့ မယူလိုက်ဘူး လား...(ယူလိုက်ပါတယ်ဘုရား)၊ အဲဒါ ဘာဒိဋ္ဌိပါလိမ့်... (သဿတဒိဋ္ဌိပါဘုရား)။

ဩော်...ခင်ဗျားတို့ ပြောတာတော့ ဝမ်းသာရမလိုလိုနဲ့ ဝမ်းထဲက ဒိဋ္ဌိကလည်း အပါယ်ချနေပါကလား...(မှန်ပါ့ဘုရား)။

ဩော်...တပည့်တော်တို့ သကြ်န်ကျရင် ဘုရာ့၊ ဟော... သကြ်န်သုံးရက်၊ အစွန်းကလေးနဲ့ ထည့်လိုက်ဦးမယ်၊ အကြို ရက်နဲ့...(မှန်လှပါဘုရား)၊ နောက်ကျတဲ့ အခါကျတော့ သိကြားမင်း ကောင်းကင်တက်သွားတဲ့ နောက်တောင်မှ လိုက်ပို့ ရတဲ့ တစ်ရက်နဲ့ ဘယ်နှစ်ရက် ကျသွားသလဲ၊ ငါးရက်...(မှန်ပါ့)။

အဲဒီကျရင်တော့ သေသေချာချာ ကြိုးစားမယ်၊ ဆိုင်တွေ ဘာတွေ ပိတ်ပြီးသကာလ ဦးခင်မောင်...မလာဘူးလား... (လာပါတယ်ဘုရား)။

သကြ်န်ကလည်း အဝေးကြီး ကျန်သေးတယ်၊ အဝေးကြီး ကျန်သေးတယ်...(မှန်ပါ့)၊ မကျန်ဘူးလား ဒကာ,ဒကာမတို့- (ကျန်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ကြီးက အဲဒီကျအောင်ပဲ ခိုင်ပါတယ်၊ တည်တံ့ ပါမယ်လို့ တာဝန်ခံ ပေးထားသလား...(မပေးထားပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့အထင်နဲ့ ခန္ဓာဖြစ်စဉ်နဲ့ တခြားစီ...(တခြားစီ ပါဘုရား)၊ ခင်ဗျားတို့အထင်နဲ့...(ခန္ဓာဖြစ်စဉ်နဲ့ တခြားစီပါ ဘုရား)။

www.dhammadownload.com



အဲဒါ တခြားစိတ်ကိုလည်း မရိပ်မိတော့ ထင်ရာ ပြောနေတာပဲ-(မှန်ပါ့ဘုရား)၊ ဦးခင်မောင်ကြီးတို့ ပြောမိသလား…(ပြောမိပါတယ်ဘုရား)၊ ဟာ…ခင်ဗျားတို့က စပြောရင် တစ်ပွဲလုံးပဲဗျာ၊ ဒီအတိုင်းကျနေတာပဲ…(မှန်ပါ့)။

အဲဒါကြောင့် ဒကာ,ဒကာမတွေ ဒီအပြောတွေဟာ ဘယ်က လာသလဲဆိုတာ ရိပ်မိပလား…(ရိပ်မိပါပြီ၊ သဿတဒိဋ္ဌိက လာပါတယ်ဘုရား)။

အေး…သဿတဒိဋ္ဌိက သကြ်န်ရက်ကျအောင် ဒီခန္ဓာကိုယ်ကြီးဟာ ခိုင်တယ်၊ မြဲတယ်၊ တည်တံ့တယ်ဆိုတဲ့ ဒိဋ္ဌိပါ,မပါ-(ပါ-ပါတယ်ဘုရား)၊ ပါတော့ ဒါ ဘာဒိဋ္ဌိ ဆိုကြမလဲ…(သဿတဒိဋ္ဌိပါဘုရား)။

ဩော်…ခင်ဗျားတို့ မသိတဲ့၊ ဒကာ,ဒကာမတွေ မသိတဲ့ အခေါ်ကြီး ခေါ်လိုက်ကြတာ၊ ဩော်…ငါ့မြေးကလေးတွေ တော်လိုက်ကြတာ၊ သကြ်န်တွင်း ကြိုးစားမလို့တဲ့…(မှန်ပါ့)။

ဦးခင်မောင် ဒီလိုပဲ သာစုခေါ်ချင်လဲ ရမ်းခေါ်ချင် ခေါ်မိလိမ့်မယ်…(မှန်ပါ့ဘုရား)၊ သူပြောနေတာက ဘာဒိဋ္ဌိလဲ…(သဿတဒိဋ္ဌိပါ)၊ ဟာ-သူ့ဒိဋ္ဌိ သာစုခေါ်မိရာ ရောက်နေတယ်-(မှန်ပါ့)၊ သူ့ဒိဋ္ဌိက အပါယ်သွားမည့် ဒိဋ္ဌိ၊ ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မှန်းခြေဟူသရွေ့ဟာ သဿတဒိဋ္ဌိက လာတာ-(မှန်ပါ့ဘုရား)၊ မောင်မြ ဘယ်က လာသတုန်း-(သဿတဒိဋ္ဌိက လာပါတယ်ဘုရား)၊ ပေါ်ပလားကွ…(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရက်ရွှေ့နေတဲ့ ပုဂ္ဂိုလ်များ ဘာဒိဋ္ဌိနဲ့ ရွှေ့သလဲ…(သဿတဒိဋ္ဌိနဲ့ ရွှေ့ပါတယ်)၊ ဒါဖြင့် ဘယ်အလုပ်ကလေးမှ

www.dhammadownload.com



ဆိုတာကော...(သဿတဒိဋ္ဌိပါဘုရား)၊ အင်း...ဟင်...ဘယ်သူ ကလေး ကျန်းမာလာမှဆိုတာကော-(သဿတဒိဋ္ဌိပါဘုရား)၊ ဘယ်အလုပ်ကလေး စာရင်းချုပ်ပြီးမှ ဆိုတာကော-(သဿတ ဒိဋ္ဌိပါပဲဘုရား)။

ဩော်...ခင်ဗျားတို့မှာ သဿတဒိဋ္ဌိက အတော် ကြောက်စရာ ကောင်းနေပါကလား...(မှန်လှပါဘုရား)။

ဩော်...ရက်ရွှေ့တာဟူသရွှေ့ဘယ်သူပါလိမ့်-(သဿတ ဒိဋ္ဌိပါဘုရား)။

ကဲ...နောက်ကို ရွှေ့ဝံ့ရင်ရွှေ့ဗျာ၊ အဲဒါ အပါယ်သွားတဲ့ ဒိဋ္ဌိသာ မှတ်ပေရော့...ရိပ်မိပလား...(ရိပ်မိပါပြီ)၊ သဿတဒိဋ္ဌိဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီဝတ္ထုကို မဟုတ်ပါဘူး၊ အလွန်ရှည်နေမှာ စိုးလို့နော်... (မှန်ပါ့ဘုရား)၊ ရှည်နေမှာ စိုးလို့ ကာလဝတ္ထုကိုပဲ ဆုံးအောင် နည်းနည်း ပြောလိုက်ပါဦးမယ်။

ကာလဟာ ဒကာ,ဒကာမတို့ နားကတော့ တရားနာတာပဲ နော်-(မှန်ပါ)၊ နာရင်း နာရင်းနဲ့ နားက နာရုံနဲ့ ပျောက်ပျောက် သွားတယ်-(မှန်ပါ)။

ဒါနဲ့ မရပါဘူး၊ ခန္ဓာကိုယ်ပေါ်မှာ မှတ်မှပါပဲ ဆိုပြီးသကာလ မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား)၊ မှတ်ရင်း မဏ္ဍညာဏ် ခန္ဓာကိုယ်ထဲ လွတ်လိုက်တော့ မောင်မြရေ-ဒကာသစ်တို့ နေရာ ကျမသွားဘူးလား-(ကျသွားပါတယ်ဘုရား)။

ညာဏ် ဘယ့်နယ် ဖြစ်သွားလဲ...(ထက်မြက်သွားပါတယ်)၊ ထက်မြက်သွားတဲ့အခါကျတော့ ညာဏ်ထက်တယ်ဆိုတာ မဂ်ဆိုက်

www.dhammadownload.com



သွားတာ-(မှန်လှပါ)၊ မင်ဆိုက်သွားတော့ သောတာပန်တည် သွားတယ်...(မှန်ပါဘုရား)။

ဒကာ,ဒကာမတို့၊ တေလေ သောတာပန် တည်သွားတာ မြင်လိုက်ရဲ့လား(မှန်ပါဘုရား)၊ ဘယ်နှယ်ကြောင့် တည်ပါလိမ့် မတုန်း-ဉာဏ် ခန္ဓာကိုယ်လွှတ်လို့-(မှန်ပါဘုရား)၊ ဘယ့်နှယ် ကြောင့်တုန်း-(ဉာဏ်ခန္ဓာကိုယ် လွှတ်လို့ပါဘုရား)။

အဲဒါကြောင့် ဒကာ,ဒကာမတို့၊ ဒီအထဲနာတဲ့ပုဂ္ဂိုလ်အပြင် ဘက်က နာတဲ့ပုဂ္ဂိုလ်တွေ ဉာဏ်ကဖြင့် ခန္ဓာကိုယ်လွှတ်ပါ ဆိုတာကိုဖြင့် လေးစားစွာနဲ့ပဲ ခင်ဗျားတို့ အကျိုးကြည့်ပြီး သကာလ ကာလဝတ္ထု သက်သေ သာဓက လုံလောက်သော ကြောင့်ပဲ တိုက်တွန်းပါတယ်-(မှန်ပါဘုရား)၊ မတိုက်တွန်းသင့် ဘူးလား-(တိုက်တွန်းသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ ရှေးနာနည်းနဲ့ ဆိုလို့ရှိရင်ဖြင့် လမ်း ခလုတ်တိုက်တောင် မခံပါဘူး၊ ဦးခင်မောင် ခံသေးရဲ့လား (မခံပါဘုရား)၊ အဲဒီလောက်ထိအောင်ပဲ၊ အရုပ်ဆိုးတော့ ကောင်း နိုင်သေးရဲ့လား-(မကောင်းနိုင်ပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာ,ဒကာမတို့၊ ကိုယ့်အရေးကို ခင်ဗျားတို့ ဖြုန်းတီးပစ်တာကော မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)၊ အဖိုးတန်တဲ့ ဓမ္မရတနာတွေကို ခလုတ်တိုက်တာနဲ့ ဖျောက်ဖျက် လွှတ်လိုက်လို့ရှိရင်လဲ ခင်ဗျားတို့သည်တဲ့ အဖိုးတန် မသုံးတတ် ဘူးဆိုတဲ့ အမိပ္ပာယ်လည်း ရောက်ပါတယ်(မှန်ပါ)၊ မရောက်ဘူး လား...(ရောက်ပါတယ်ဘုရား)။

www.dhammadownload.com



အေး…ဒီလိုလဲမဖြစ်ကြပါစေနဲ့ ဆိုတာလည်း အားလုံးပဲ တောင်းပန်ရပြန်တယ်-(မှန်ပါ)၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)၊ ဒါနဲ့ ဦးခင်မောင် ကာလ ဘာဖြစ်သွားသတုန်း…(သောတာပန် တည်သွားပါတယ်ဘုရား)။

အင်း…ဘယ့်နှယ်ကြောင့် ဖြစ်သွားပါလိမ့်…(ခန္ဓာကိုယ် ဉာဏ်စိုက်လို့ပါဘုရား)၊ ခန္ဓာထဲ ဉာဏ်လွှတ်လိုက်တာနဲ့(မှန်ပါ)၊ ဉာဏ်ထက်ပြီး သကာလ ဘာဖြစ်သွားသလဲ…(သောတာပန် ဖြစ်သွားပါတယ်ဘုရား)၊ သောတာပန် တည်သွားတယ်၊ ဒါနဲ့ ဒကာ,ဒကာမတို့၊ ကာလ တရားနာနည်း သဘောကျပလား… (ကျပါပြီဘုရား)။

ဒါနဲ့ပဲ မနက်မိုးလင်းရင် သောတာပန်တည်ပြီး ညက သူ ကောင်းကောင်းမွန်မွန်အိပ်လို့ တရားမေ့တွေ နလုံးသွင်းလို့ ဒီလိုနေပြီး မနက်ကျလာတဲ့ အခါကျတော့ သံဃာတော်ငါးရာ ဘုရားက ရှေ့ကနေပြီးသကာလ အနာထပိဏ် သူဌေးကြီးအိမ်ပဲ ထုံးစံအတိုင်း ဦးခင်မောင်…ဦး၀..ကြွလာခဲ့တယ်… (မှန်လှပါ ဘုရား)။

ကြွလာတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ကတော့ ကရဏာမကင်းဘဲ ကိုး…(မှန်ပါ)၊ အပြင်ဘက် ပြတင်းပေါက်ကို ထွက်ကြည့်တယ်၊ ဘုရားလည်း ပါလာပြီ…သံဃာငါးရာလည်း ကြွတယ်…ငါ့သား ကာလကလည်း နောက်က ပါလာတယ်၊ သူ့သား ကာလ အရေးတကြီးထားကြည့်တာပါ(မှန်လှပါဘုရား)၊ ရိပ်မိပလား… (ရိပ်မိပါတယ်ဘုရား)။

www.dhammadownload.com



သူ့သား ကာလ အရေးတကြီးထားပြီး ကြည့်လိုက်တော့ အို…ကာလ အရင်နဲ့ မတူပါကလား၊ အရင်တုန်းကတော့ ငွေရတော့မှာပဲဆိုပြီး ပြုံးကာ ရွှင်ကာနဲ့ လာခဲ့တယ်၊ အခုအခါဖြင့် ကာလဟာ ဣန္ဒြေ သိပ်ကောင်းပါလား၊ စက္ခုန္ဒြေလဲ အောက်ချလို့၊ နေပုံ–ထိုင်ပုံလည်း သပ်သပ်ရပ်ရပ်၊ ကာလကတော့ဖြင့် နေရာကျလာပြီထင်တယ်၊ သူ့အဖေက အကဲခတ်တယ်…(မှန်လှပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ကာလက ပူလာတာက ဒကာ,ဒကာမတို့၊ ဒီပြင်ဟာ ဘာမှ မပူဘူး၊ အိမ်ကျလို့ရှိရင် ကာလ၊ ရော့ ငွေတစ်ထောင်ယူတော့ဆိုပြီး လှူသိနတ်ကြားပေးမှာ စိုးရိမ်တယ်၊ ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

အရင်တုန်းကတော့ ယာဂုတောင် မသောက်တဲ့လူ–(မှန်ပါ)၊ ဦးခင်မောင်ရေ အခု ပြောင်းသွားလိုက်တာ ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ် ပြောင်းသွားသံတုန်းဗျ…(လှူသိ နတ်ကြား ပေးမှာကို ကြောက်ပါတယ်)၊ ပစ္စည်းပေးမှာကို ကြောက်တယ်…(မှန်ပါ)။

ပစ္စည်းပေးမှာကို၊ အို…ငါ့ကို ငွေတစ်ထောင်ယူချင်လို့ ကာလ တရားသွားအားထုတ်နေတယ် ဆိုလို့ရှိရင် ကိုယ်ကျိုးဖြင့် နည်းပေါ့ …(မှန်ပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲမှာဖြင့် ဒီပြင်ဟာ ဒါလောက် မပူဘူး။ ဒကာ, ဒကာမတို့၊ ကာလ ငွေယူတော့မလားဆိုတဲ့ အသံကြားရမှာ သိပ်ကြောက်တယ်…(မှန်ပါ)။

ဦး၀,ရေ…မထူးဘူးလားဗျာ…(ထူးပါတယ်ဘုရား)၊ ဒီဌ ဝိစိကိစ္ဆာ ကလေး ပယ်လိုက်ကာ ရှိသေးတယ်၊ ဟိရိဩတ္တပ္ပတွေ

www.dhammadownload.com



ကပ်လာတယ်...(မှန်ပါ့ဘုရား)၊ သဘောကျပလား...(ကျပါပြီ ဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာကလေး ပယ်လိုက်ကာရှိသေးတယ်၊ ဘာကပ်လာသတုန်း-(ဟိရိဩတ္တပ္ပ ကပ်လာပါတယ်ဘုရား)၊ ဟိရိဆိုတာ ရှက်တယ်၊ ဩတ္တပ္ပဆိုတာ သူများကြားသွားမှာ လန့်တယ်...(မှန်ပါ့)၊ သူ့ဟာသူရှက်၊ သူ့ဟာသူလန့်ပြီး သကာလ ဒကာ, ဒကာမတို့ နေတယ်ဆိုတာကော ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါနဲ့ သူအရေးကြီးဆုံး ကြောက်လန့်နေတာ ပေါ်ကြပြီ နော်...(မှန်ပါ့)၊ အိမ်ပေါ်အတက်မှာ သူ့အဖေ အနာထပိဏ် သူဌေးကြီးက ကာလ ငွေတစ်ထောင် ယူတော့မလားကွ၊ ဒါ... မေးလိုက်မှာ စိုးတယ်၊ အဖေဆိုတော့လည်း မေးချင် မေးလိုက်မှာ ...(မှန်လှပါဘုရား)၊ အရင်တုန်းက ယာဂု မသောက်ခဲ့တာ ကလေးက ရှိနေတယ်...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အရင်တုန်းက သူ ငွေမရတော့ ဘာတဲ့-(ယာဂုမသောက်ပါ ဘုရား)၊ အေး...ယာဂုတောင် မသောက်ဘဲ ဖြစ်ပြီးသကာလ နေတော့ ဒီတစ်ခါတော့ဖြင့် အဖေကပဲ လောကွတ်များများ ထားပုံရနေတော့ ကာလ စားလဲစားကွ၊ ငွေတစ်ထောင် ယူချင် ယူကွ...လို့ အရင်မှု သူပျက်ထားတာကလေးကို ပြန်ပြီးတော့ လောကွတ်လုပ်လိုက်လို့ရှိရင် သူ အရှက်ဆုံးပဲတဲ့...(မှန်ပါ့)။

ဒကာ,ဒကာမတို့၊ ငွေရမှာ ဘာဖြစ်သလဲ...(ရှက်ပါတယ် ဘုရား)၊ ငွေရမှာ ရှက်နေတယ်ဆိုတာ ဘာဖြစ်လို့ ရှက်တာတုန်း ဗျာ...(သောတာပန် တည်လို့ပါဘုရား)၊ သောတာပန်တည်လို့၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ ငွေလိုက်ရှာနေတဲ့ ပုဂ္ဂိုလ်များ မရှက်ပါဘူး၊ ဘာဖြစ်လို့တုန်း၊ သောတာပန် မတည်သေးဘူး၊ ရိပ်မိပလား… (ရိပ်မိပါပြီဘုရား)၊ ကဲ…ခင်ဗျားတို့ မရှက်တာလည်း ရှိပါစေတော့၊ နောက်တော့ ရှက်ပါလိမ့်မယ်၊ ကြိုးစား…(မှန်ပါ့ဘုရား)။

ကြိုးစားရင် ဘာဖြစ်လာမယ် ထင်သတုန်း…(သောတာပန် တည်ပါမယ်)၊ ရှက်လာမယ်၊ ကြောက်လာမယ်ဆိုတာ သဘောကျ ပလား…(ကျပါပြီဘုရား)။

ဒါကြောင့် အဝတ်တွေ ဖုံးလွှမ်းပြီး သကာလနေတာ ဟိရိဩတ္တပ္ပ ရှိတယ်လို့ ဆိုတာ မဟုတ်ဘူး…(မှန်ပါ့ဘုရား)၊ သူတော်ကောင်းအလုပ်တွေ၊ သူတော်ကောင်း မကြိုက်တဲ့ ပြောသံ,ဆိုသံတွေ၊ ကိုယ်က ပြောမိ,ဆိုမိမှာ သိပ်ကြောက်တယ်- (မှန်ပါ့ဘုရား)၊ ရှင်းပလား…(ရှင်းပါပြီဘုရား)။

အဝတ်တွေ ဖုံးတယ်၊ အုပ်တယ်ဆိုတာ လှချင်၊ ပချင်လို့ အုပ်တာ၊ ဟိရိဩတ္တပ္ပမှ ဒီဟာ မဟုတ်ဘဲ၊ ဒကာ,ဒကာမတို့- (မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ သောတာပန် တည်မှ ခင်ဗျားတို့ အကြောက်၊ အရှက် ဓာတ်သိမ်းမယ်…(မှန်ပါ့)၊ ရှင်းပြီနော်… (ရှင်းပါပြီဘုရား)။

ကဲ…ဒါဖြင့် ကာလကာလည်း နောက်က လိုက်လာ၊ ဘုရား ကလည်း ရှေ့က ကြွလာ၊ အဖေလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း ကာလ ငွေပေးချင်လို့ မျှော်နေတာနဲ့ဆိုတော့ ဦးခင်မောင် ကာလနဲ့ သူ့အဖေ ကန့်လန့်ဖြစ်ပြီ…(မှန်ပါ့)၊ သဘောကျပလား…(ကျပါပြီ ဘုရား)။

www.dhammadownload.com



အရင်တုန်းကတော့ မပေးလို့ ကန့်လန့်...(မှန်ပါ့)၊ အခုဟာတော့ ပေးမှာကြောင့်...(ကန့်လန့်ပါဘုရား)၊ ဘယ့်နှယ် မထူးခြားဘူးလားဗျာ...(ထူးခြားပါတယ်ဘုရား)၊ အခုတော့ ကာလ,က ပေးမှာပဲ စိုးရိမ်နေတယ်ဆိုတာ ပေါ်ကြပလား... (ပေါ်လာပါပြီဘုရား)။

ဒါနဲ့ အဖေလုပ်တဲ့ ပုဂ္ဂိုလ်ကတော့ ပြောထားတာပေါ့လေ၊ ကာလ လာပြီကွ၊ မင်းတို့အစေခံတွေ သေသေချာချာ ကာလကို လိုတာ ထုတ်ပေး၊ လိုတာ ကျွေး၊ ငါ့သားဟာ အင်မတန်မှ တရားမှတ်လာလိမ့်မယ်ကွ၊ ဒီနေ့ အင်မတန် နေရာကျနေပြီ၊ အရင်လာပုံနဲ့တော့ မူတော့ အတော်ခြားနားတယ်၊ ပျာရိပျာယာ တွေ မဟုတ်တော့ဘူး ဆိုပြီးသကာလ ဘုရားနဲ့ သူ့အဖေ၊ ဒကာကြီး ဦးခင်မောင် သွားပြီး စကားပြောတယ်...(မှန်ပါ့)၊ ထူးထူးခြားခြား လာတယ်ဘုရား၊ အင်း–ဒီကလည်း သောတာပန် ကိုးဗျ–(မှန်ပါ့)၊ ကာလ ထူးခြားလာတယ်ဘုရား။

ဘယ့်နှယ်ထူးသတုန်း ဒကာကြီးရ၊ ပြောစမ်းပါဦး၊ အရင် တုန်းကတော့ဘုရား–ကာလ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ငွေတစ်ရာပေးပြီး မင်းသည်ကား ကျောင်းသွားပြီး တစ်ရက် ဥပုသ်စောင့် တစ်ရာပေးပါမယ်ဆိုပြီး ပြန်လာတဲ့အခါကျတော့ ယာဂုတွေ၊ ဘာတွေ တိုက်တဲ့အခါ သောက်ကို မသောက်ဘူးဘုရား၊ ဘာလို့ မသောက်တုန်း မေးတော့ ငွေတစ်ရာမပေးလို့ ကျုပ် မသောက်ဘူး၊ အခုတော့ သူ့ဟာသူ မြိန်ရေရှက်ရေ သောက်ပြီး သကာလ နေလိုက်တာ ငွေအကြောင်း စကားကို မပြောတော့ဘူး' ...(မှန်ပါ့)။

www.dhammadownload.com



ဟာ...ဒကာကြီး ဘာပြောမတုန်း၊ မပြောတော့ဘူးဆိုပြီး ဂါထာတစ်ခု ဘုရားက သောတာပန် တည်ရင် ဒီစိတ်ပေါ်တယ် ဆိုတဲ့ ဂါထာ ရွတ်ပြလိုက်တယ်...(မှန်ပါ့ဘုရား)၊ ဒကာ,ဒကာမ တွေ သေသေချာချာ မှတ်ရလိမ့်မယ်–(မှန်ပါ့)၊ သေသေချာချာ မှတ်ရလိမ့်မယ် ဒကာ,ဒကာမတို့...(မှန်ပါ့)။

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။**

**သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။**

ပထဗျာ၊ မြေတစ်ပြင်လုံးကို အစိုးရတဲ့ လေးကျွန်းသနင်း စကြာမင်း ဖြစ်တဲ့၊ အဖြစ်ဆိုတဲ့ အကျိုးပေးတွေ ရှိတယ်တဲ့... (မှန်ပါ့)၊ လေးကျွန်းသနင်း စကြာမင်းအဖြစ်ဟာ အဲဒါ တော်တော် မြတ်တယ်လို့ ထားတာပဲ၊ အခု သူ့ရ,ထားတဲ့ သောတာပတ္တိဖိုလ် လောက် မမြတ်ဘူး ဒကာကြီးရ...တဲ့၊ ငွေတစ်ထောင်လောက်တော့ မဖြုလောက်တော့ဘူး...တဲ့–(မှန်ပါ့ဘုရား)။

လေးကျွန်းသနင်း စကြာမင်း စည်းစိမ်ပေးတော့ မယူတော့ ဘူးတဲ့...(မှန်ပါ့ဘုရား)၊ အဲဒါထက် မြတ်နေတယ်...(မှန်ပါ့ဘုရား)။

ဒကာ,ဒကာမတို့၊ လေးကျွန်းသနင်း စကြာမင်း စည်းစိမ်ကြီး ဟာ ဘာတဲ့...(မမြတ်ပါဘုရား)၊ အဲ...သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်က မြတ်နေတယ်...(မှန်ပါ့ဘုရား)။

သဂ္ဂဿ ဂမနေနဝါ၊ နတ်ပြည်ရောက်သည်ထက်လည်း၊ နတ်ပြည်က အင်မတန် ချမ်းသာ၊ အင်မတန် ကျန်းမာ၊ ပဒေသာပင် ဆွတ်စား၊ အဲ့ဒီဟာတွေပေးလည်း ဒကာကြီးတဲ့၊ မယူတော့ဘူးတဲ့၊ သူ့သောတာပတ္တဖိုလ်လောက် မမြတ်ဘူး... (မှန်ပါ့ဘုရား)၊ နတ်စည်းစိမ်ပေးလည်း မယူတော့ဘူးတဲ့... (မှန်ပါ့)။

www.dhammadownload.com



သဗ္ဗလောကာဓိပစ္စေနတဲ့၊ အို…လောကကြီး တစ်ခုလုံး အကုန် အစိုးရတဲ့ စည်းစိမ်တွေ မင်းယူတော့၊ ပေးလည်း သူ့ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်လောက် သူ သဘောမကျ တော့ဘူးတဲ့…(မှန်ပါ့ဘုရား)၊ သဘောကျပလား…(ကျပါပြီ ဘုရား)။

သူကသာ မြတ်တော့တယ် ဒကာကြီးလို့ ဟောလိုက်ပါတယ်၊ ဒီတော့ ငွေတစ်ထောင်ဟာ ပျောက်မသွားဘူးလား–(ပျောက်သွား ပါတယ်)၊ ဘာများ အသုံးကျသေးသလဲ…(ဘာမှအသုံးမကျပါ ဘုရား)၊ ဘာမှအသုံးမကျဘူးဆိုတာ ပေါ်လာပလား…(ပေါ်လာပါပြီ)။

အဲဒီတော့ ဒကာ,ဒကာမတို့ပထဗျာ ဧကရဇ္ဇေန၊ မြေတစ်ပြင် လုံး အစိုးရတဲ့ စကြာမင်း စည်းစိမ်ထက်လည်း သောတာပတ္တိမဂ်က မြတ်တယ်…(မှန်ပါ့)၊ စကြာဝတေးမင်းက အခု စကြဝတေးမင်း နက်ဖြန် ဒယ်အိုးထဲ ရောက်နိုင်တယ်…(မှန်ပါ့)။

ဒီနေ့ စကြဝတေးမင်း နက်ဖြန် ဒယ်အိုးထဲ မရောက်နိုင်ဘူး လား…(ရောက်နိုင်ပါတယ်)၊ ဘာတုန်း၊ သူ့မှာ ငါးပါးသီလ ရှိသေးတယ်–(မှန်ပါ့)၊ နိစ္စသီလ ရပလား–(မရသေးပါဘုရား)၊ မရသေးပါဘူး၊ အနိစ္စသီလ ရှိပါသေးတယ် ဦးခင်မောင်… (မှန်လှပါဘုရား)။

အဲဒီ စည်းစိမ်ထက်လည်း အများကြီး သာပါတယ်ဆိုတာ ပေါ်ကြပလား–(ပေါ်ပါပြီ)၊ သဂ္ဂဿဂမနေနဝါတဲ့၊ နတ်ရွာသုဂတိ ဗြဟ္မာပြည် ရောက်ရသည်ထက်လည်း ဘာတုန်း…(မြတ်ပါတယ် ဘုရား)။

www.dhammadownload.com



ဟိုဟာတွေက နတ်ပြည်ကနေပြီး နတ်သမီးငါးရာနဲ့ ဒယ်အိုးထဲ ထိုးကျတယ်-(မှန်ပါ)၊ မကျဘူးလား-(ကျပါတယ်ဘုရား)၊ ဗြဟ္မာကြီးတွေကကော ဒကာ,ဒကာမတို့၊ ဝက်ဖြစ်ရတာတွေကော မရှိဘူးလား...(ရှိပါတယ်ဘုရား)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

သောတာပတ္တိမဂ် ရှပြီးသား ပုဂ္ဂိုလ်က ဒီကမ်းနဲ့ ဒီလမ်းကို အကုန်ရှောင်ပြီးသား ရှားပြီးသား ဖြစ်ပါတယ်...(မှန်ပါဘုရား)။

အဲဒီတော့ ဘာအားငယ်စရာ ရှိသလဲ(မရှိပါဘုရား)၊ ဟိုဟာတွေထက် သာတယ်ဆိုတာကော ဒကာ,ဒကာမတို့၊ (သာပါတယ်ဘုရား)၊ ထင်ရှားနေပြီဆိုတာ အားလုံး ဒကာဝတို့၊ ဦးခင်မောင်တို့၊ သေချာပလား...(သေချာပါပြီဘုရား)။

ယုတ်စွအဆုံး အလုံးစုံ လောက တစ်ခုလုံးကို တစ်ဦးတည်း မင်းပြုပြီးနေတဲ့ စည်းစိမ်ထက်လည်း အခု သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်က သာတယ် ဒကာကြီးတဲ့၊ ဒါကြောင့် ကာလဟာ ငွေမတောင်းတော့ဘူးတဲ့...(မှန်ပါဘုရား)၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါက ဒကာ,ဒကာမတို့၊ ဗဟုသုတလည်း ဖြစ်စေတော့၊ တရားနာနည်းလည်း ကိုက်စေတော့ ဆိုပြီး အချိန် တော်တော်ကုန်သွားတယ်...(မှန်ပါဘုရား)၊ သို့သော် အဖိုးတော့ တန်သပေါ့ဗျာ-(မှန်ပါ)၊ အဖိုးမတန်ဘူးလား...(တန်ပါတယ်ဘုရား)။

အင်မတန် တန်ပါတယ်တဲ့၊ **တရားနာတဲ့ နိဿရည်းမှာ ကာလနည်းကို လိုက်ရမယ်**-(မှန်ပါဘုရား)၊ အားလုံး တစ်ပွဲလုံး ဘယ်နည်း လိုက်ကြမယ်...(ကာလနည်းကို လိုက်ကြရပါမယ် ဘုရား)။

A)

www.dhammadownload.com



ကဲ…ဒါဖြင့္ ေျပာစမ္းပါဦး၊ နားက ဘာလုပ္ၾကမယ္…(တရား နာရပါမယ္)၊ နားက တရားနာမယ္၊ ဉာဏ္က…(ခႏၶာကိုယ္ လွည့္ရပါမယ္ဘုရား)။

လွည့္ဖန္မ်ားရင် ဘာျဖစ္မယ္…(ဉာဏ္ထက္လာပါတယ္ ဘုရား)၊ ဉာဏ္ထက္လာၿပီး ေသာတာပန္ တည္မယ္…(မွန္ပါ့ ဘုရား)၊ ကဲ…ကာလ ဒီအတိုင္း တည္တယ္-(မွန္ပါ့)၊ ေပၚၾက ပလား…(ေပၚပါၿပီဘုရား)။

ဒါျဖင့္ ဘုန္းႀကီးတို႔ ဒကာ,ဒကာမေတြ ယေန႔ကစၿပီး သကာလ ဘုန္းႀကီးကလည္း ေျပာေနတယ္၊ ဒကာ,ဒကာမေတြက လည္း ႀကိဳးႀကိဳးစားစားပဲ၊ ကိုယ့္အေရး ကိုယ္သိၿပီး သကာလ နာၾကေတာ့၊ ကိုင္း…(မွန္လွပါဘုရား)။ ဒီနည္းပဲ လုပ္ၾကစို႔ရဲ႕-(မွန္လွပါဘုရား)၊ ေပၚၾကပလား…(ေပၚပါၿပီဘုရား)။

ကာလနည္းပဲ…(လုပ္ၾကစို႔ရဲ႕)၊ ကာလနည္းပဲ လုပ္ၾကစို႔ ဆိုေတာ့ ဒီထဲေရာက္တယ္ဆိုလည္း ၿငိမ္ၿငိမ္ေန၊ ကာလလိုေန… (မွန္ပါ့ဘုရား)၊ ခင္ဗ်ားတို႔ သိပ္ၿပီးေတာ့ စကားေတြ ေျပာမေနနဲ႔၊ ရိပ္မိပလား-(ရိပ္မိပါၿပီဘုရား)။

သိပ္ၿပီးေတာ့ စကားေတြ ေျပာမေနနဲ႔၊ အခ်ိန္ေစာေစာလာဖို႔ လုပ္၊ ေအးေအးခ်မ္းခ်မ္း ရွိတယ္ဆိုလည္း ဒီအတိုင္းပဲ၊ ကာလလိုပဲ ခႏၶာထဲသာ ဉာဏ္လႊတ္ထား-(မွန္ပါ့ဘုရား)။

ေဟာထားတဲ့ တရားေတြ ခႏၶာထဲ ဉာဏ္လႊတ္ထားတာေပါ့ ဗ်ာ--(မွန္လွပါ)၊ တရားကေတာ့ စုံၿပီမဟုတ္လား…(စုံပါၿပီဘုရား)။

www.dhammadownload.com



အဲ…ဉာဏ်လွတ်တာကလေး လိုနေသေးလို့ သောတာပန် မတည်သေးတာ(မှန်လှပါဘုရား)၊ ဉာဏ်သာ လွတ်ပြီးလို့ရှိရင် ဒကာ,ဒကာမတို့ ဘာမှ မပူနဲ့တော့…(မှန်ပါ)၊ ရှင်းပြီနော်… (ရှင်းပါပြီဘုရား)။

ကိုင်း–ဒါဖြင့် ဒကာ,ဒကာမတို့၊ **သုသိမပရိဗိုဇ်** ဆက်ကြပါစို့၊ ဒကာ,ဒကာမတို့၊ အချိန်က နည်းသွားပြီ…(မှန်ပါဘုရား)။

ဦးခင်မောင်ရေ–မနေ့က သုသိမပရိဗိုဇ်က ရဟန္တာကြီးတွေ ဖြေတာ ကျေနပ်ရဲ့လား–(မကျေနပ်ပါဘုရား)၊ ရဟန္တာကြီးတွေ တို့ပညာနဲ့ ကိလေသာမှ လွတ်သွားတယ်ကွတဲ့…(မှန်ပါ)။

ပညာနဲ့ ကိလေသာမှ လွတ်သွားတယ်ဆိုတော့ ဒကာ,ဒကာမ တို့၊ စာသုံးဖြစ်နေတယ်(မှန်ပါ)၊ ပညာနဲ့ဖြစ်ပျက် အားထုတ် လိုက်တာနဲ့ ဖြစ်ပျက် အဆုံးရောက်တဲ့ ဖြစ်ပျက်မြင်တဲ့ ရဟန္တာ အဖြစ် ရောက်ခဲ့ပါတယ်ကွာ–(မှန်ပါဘုရား)၊ ပညာနဲ့ ဖြစ်ပျက် အဆုံး မြင်ခဲ့ပါတယ်–(မှန်ပါဘုရား)၊ ပညာနဲ့ (ဖြစ်ပျက်အဆုံး မြင်ခဲ့ပါတယ်ဘုရား)။

အဲ…ပညာနဲ့ ဖြစ်ပျက်အဆုံးမြင်ခဲ့ပါတယ် ဆိုသဖြင့် သမထ မပါဘူးဆိုတာ သဘောကျပလား…(ကျပါပြီ)၊ ကိုင်း–ဒါနဲ့ ဒီရဟန္တာကြီးတွေ ပြောတာကို ဦးဝ,ရေ သုသိမပရိဗိုဇ်က တရားသူခိုးက ကျေနပ်ပါရဲ့လား… (မကျေနပ်ပါဘုရား)။

မကျေနပ်တော့ အရှင်ဘုရားတို့၊ တပည့်တော်ကို ကျေနပ် အောင် မပြောဘူး ဆိုပြီးသကလ ကိုယ်တော်တွေက သူ၏စရိုက် ကိုလည်း သိပြီးသားနော်–(မှန်ပါ)၊ သူဟာ ဘယ်လိုပြောလို့မှ နားလည်မယ် ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဘုရားဆီ သွားမှာပဲ…(မှန်ပါ)။

www.dhammadownload.com



အဲဒီတော့ သုသိမ နားလည် လဲလည်တော့ မလည်ချင် လဲ နေတော့၊ တို့ဖြင့် ပညာနဲ့ ဝိပဿနာရှုပြီးသကာလ ကိလေသာ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန် မြင်ပါတယ်ကွာ… (မှန်လှပါ)၊ ရှင်းကြပလား…(ရှင်းပါပြီဘုရား)။

ပညာနဲ့ ဖြစ်ပျက်ရှုပြီး သကာလ ဖြစ်ပျက်အဆုံးဖြစ်တဲ့ ကိလေသာ ချုပ်ငြိမ်း၊ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ငါတို့ မြင်ပြီးသကာလ ရောက်ခဲ့၊ ရခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေပါကွာ… မင်းသိချင်လဲသိ မသိချင်လဲနေ ဒါပဲ…(မှန်လှပါဘုရား)၊ သဘောပါပလား… (ပါ–ပါပြီဘုရား)။

ငါတို့မှ ဈာန်မပါ,ပါဘူးကွ၊ ဈာန်ခြောက်ပြီး သကာလ ဝိပဿနာနဲ့ ကိလေသာမှ လွတ်တဲ့ နိဗ္ဗာန် မြင်ရပါတယ်(မှန်ပါ့)၊ ဈာန်မပါဘူးလို့ သေသေချာချာဖြေတာပဲ…(မှန်ပါ့ဘုရား)။

အဲဒီတော့ ဈာန်မပါဘူး ဆိုငြားသော်လည်း ဒကာ,ဒကာမတို့ မဂ္ဂင်ငါးပါးကို ဘုန်းကြီး နည်းနည်းရှင်းပြလိုက်တော့ သေချာပါ တယ်နော်–(မှန်ပါ့)၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ–ပညာမဂ္ဂင်– (မှန်ပါ့)၊ ဝီရိယ–သတိ သမာဓိက သမာဓိမဂ္ဂင်–(မှန်လှပါဘုရား)။

သို့သော် တွဲဖက်အဖြစ်သာ ပါ,ပါတယ်တဲ့၊ သူတို့ မပြဋ္ဌာန်း ပါဘူး၊ ဖြစ်ပျက်ရှုတဲ့အခါမှာ–(မှန်ပါ့)၊ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ကသာ ပြဋ္ဌာန်းတယ်…(မှန်ပါ့ဘုရား)။

ဒီသုံးခု မပြဋ္ဌာန်းဘဲနဲ့ ဖြစ်ဖော်ဖြစ်ဘက်မို့ ပါတာပါတဲ့(မှန်ပါ့)၊ ကောင်းကင်ပျံ မြေလျှိုးတဲ့ဈာန် မဟုတ်ပါဘူး–(မှန်ပါ့)၊ သမာဓိ တည်ကာမျှ ဥပစာရ သမာဓိလောက်နဲ့ဖြစ်ပါတယ်၊ ရှင်းပြီနော်… (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ရှာသာရှုပါ ရပါတယ် (မှန်ပါ)၊ အခု သေချာပြီမဟုတ်လား…(သေချာပါပြီ ဘုရား)။

ဒါနဲ့ သုသိမသည် ဒကာ,ဒကာမတို့ ဒီကိုယ်တော်တွေ ဖြေလိုက်တာလည်း ဦးခင်မောင် မှန်လိုက်တာနော်-(မှန်ပါ)၊ မှန်ပင် မှန်ငြားသော်လည်း ကျေနပ်မှု သူ့မှာ ရပါရဲ့လား-(မရပါဘုရား)။

မရတော့ ဘုရားဆီ သွားလိုက်တယ် ဒကာ,ဒကာမတို့၊ ဘုရားဆီ သွားတဲ့အခါကျတော့ အရှင်ဘုရား…အရှင်ဘုရားဆိက **ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ။** လို့လျှောက်သွားကြတဲ့ တပည့်တော်တို့ ပဋိသန္ဓေနေမှု ကုန်ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလည်း ဘာမှမရှိတော့ဘူးလို့ လျှောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော် လိုက်ပြီး မေးပါတယ်ဘုရား၊ အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုရင် ကောင်းကင် ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ပါရဲ့လား အစရှိသည် ဖြင့် တပည့်တော် မေးတဲ့အခါကျတော့ သူတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတာလို့ ဖြေတော့ တပည့်တော်လည်း မကျေနပ်ဘူး ဘုရား၊ ရဟန္တာဖြစ်ရင် သူက ကောင်းကင်ပျံနိုင်ရမယ်၊ မြေလျှိုးနိုင်ရမယ် အောက်မေ့ထားတာကိုး…(မှန်ပါ)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရာတယ်၊ ဟေ့…**သုသိမ၊ ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ဟောတိ၊ ပစ္ဆာ နိဗ္ဗာနေဉာဏံ။** ဆိုပြီး မနေ့က ပြောတာကိုပဲ ထပ်ပြောရတယ်-(မှန်လှပါဘုရား)။

www.dhammadownload.com



နောက်ပိုင်းက မဂ္ဂင်ရှစ်ပါးပေါ့ဗျာ...(မှန်ပါ့)၊ ရှေ့ပိုင်းက မဂ္ဂင်ဘယ်နှစ်ပါးတုန်း...(ငါးပါးပါဘုရား)၊ အဲ...ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ။ ပုဗ္ဗေ၊ ရှေ့ပိုင်းက။ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်ကို မြင်သည်။ ဟောတိ၊ ဖြစ်၏။ ရှေ့က ဝိပဿနာဉာဏ် ဖြစ်ပျက်ကို မြင်တာပဲ...(မှန်လှပါဘုရား)။

ပစ္ဆာနိဗ္ဗာနေ ဉာဏံ...တဲ့၊ ဝိပဿနာဉာဏ် ချုပ်သွားပြီး သကာလ ဒီဘက်က ဖြစ်ပျက် မရှိတဲ့ နိဗ္ဗာန် မြင်တာပဲ-(မှန်ပါ့)။ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင်တယ်...(မှန်ပါ့)၊ ရှေ့ဉာဏ်က ဖြစ်ပျက် မြင်တယ်...(မှန်ပါ့)။ နောက်ဉာဏ်က ...(နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲ...ခင်ဗျားတို့ အားထုတ်ကြည့်၊ တစ်ပွဲလုံး အားထုတ်ကြည့်၊ ဒကာ,ဒကာမတို့၊ တစ်ပွဲလုံး အားထုတ်ကြည့်ပါ၊ ရှေ့ပိုင်းကသာ ဆိုရင် ဖြစ်ပျက်ပဲ မြင်တယ်...(မှန်ပါ့ဘုရား)။

ဟာ...တပည့်တော်တို့ ဖြစ်ပျက်ပဲ ရှိသေးတယ်ဆိုရင် မပူနဲ့တော့...(မှန်ပါ့)။

ဖြစ်ပျက်ပဲ ရှိသေးတယ်ဘုရား။ ဖြစ်မှု ပျက်မှု ကလေးတွေ ခန္ဓာကိုယ် ယားတာကြည့်လိုက် မရှိတာပဲ တွေ့ပါတယ်၊ စိတ်ကလေးတွေ ပေါ်လာတာလည်း စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ပြန်တွေးလိုက်တယ် မရှိဘူးဆိုတာ သိပါတယ်၊ အို...ဒါ ဖြစ်ပျက်မြင်ပြီဆိုတာ အောက်မေ့...(မှန်ပါ့ဘုရား)။

ဒေါသကလေး ဖြစ်လာတယ်။ ဒါကလေး ရှိ,မရှိ ကြည့်လိုက်စမ်း-ဦးခင်မောင်...(မရှိပါဘုရား)၊ တွေးစိတ် ပေါ်လာရင်

www.dhammadownload.com



ရှိသေးရဲ့လား...(မရှိပါဘုရား)၊ မရှိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)၊ အဲ...ဝိပဿနာဉာဏ် လာလို့ရှိရင်လည်း သူ့နောက်က ဘာဉာဏ် လာမလဲ၊ မဂ်ဉာဏ် လာပါမယ် အနီးကလေး...(မှန်ပါ)။

ဒကာ,ဒကာမတို့၊ ဝေးသလား...(မဝေးပါဘုရား)၊ ဒီစားပွဲပေါ်မှာပဲ ကြည့်ပါ၊ ငါးခု...(မှန်ပါ)၊ ငါးခုနဲ့ ရှစ်ခုဆိုတော့ ဒကာ, ဒကာမတွေ သိတဲ့အတိုင်း ငါးခု ဆုံးလို့ရှိရင် ငါးခု ရင့်ကျက်ရင် ဘာဖြစ်မယ်...(ရှစ်ခုဖြစ်ပါမယ်ဘုရား)။

ရှစ်ခုဖြစ်လို့ရှိရင် သောတာပတ္တိမဂ်-(မှန်ပါဘုရား)၊ ရှစ်ခုဖြစ်လို့ရှိရင်...(သောတာပတ္တိမဂ်ပါဘုရား)။

အဲ...ငါးခုရင့်ရင် ရှစ်ခုဖြစ်ရမယ်...(မှန်ပါဘုရား)၊ ငါးခုရင့်ဖို့က ခင်ဗျားတို့ တာဝန်-(မှန်ပါ)၊ ရှစ်ခုပေါ်မှုသည်ကားလို့ ဆိုရင် အနန္တရပစ္စည်း...(မှန်ပါဘုရား)။

အနန္တရ၏ သတ္တိ...(မှန်ပါ)၊ အနန္တရပစ္စယော၊ အခြားမရှိမှုဖြင့် ကျေးဇူးပြုတယ်...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ)၊ သူနဲ့သူ အခြားရှိသေးရဲ့လား...(မရှိပါဘုရား)၊ မရှိတော့ပါဘူးဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူရင့်ဖို့ရာသာ၊ အရေးကြီးတယ်-(မှန်ပါ)၊ နောက်ဆုံးပိတ်ရင့်တဲ့ ဝိပဿနာမဂ်နဲ့ သောတာပတ္တိမဂ်ဟာ၊ အနန္တရပစ္စည်းပါ...(မှန်ပါ)။

သူက အနန္တရပစ္စည်း၊ ဦးခင်မောင်,ဦး၀-ဒီဘက်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတော့ အကြောင်းနဲ့ အကျိုး...(မှန်ပါ)၊

www.dhammadownload.com



အနန္တရပစ္စယော၊ အခြားမရှိမူ၍ ကျေးဇူးပြုတယ်…(မှန်ပါ)။

အနန္တရပစ္စယော ဘာတဲ့…(အခြားမရှိမူ၍ ကျေးဇူးပြုပါတယ်)။

အဲဒီဉာဏ်ရင့်လာလို့ရှိရင် ဒီဉာဏ်ပေါ်လာတော့ ကြားထဲမှ ကိလေသာများ ခြားသေးသလား…(မခြားပါဘုရား)။

ဘာမှ မခြားဘူးတဲ့၊ သံယုတ်အဋ္ဌကထာကလည်း သေသေချာချာ ဖွင့်တယ် ဒီဥစ္စာ၊ ဝိပဿနာဟာ အနန္တရပစ္စည်းပဲတဲ့၊ မဂ်ဉာဏ်ဟာ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် အကျိုးတရားပဲတဲ့ဆိုတော့ မောင်ထွန်းလှိုင်တို့ အားငယ်စရာ ရှိရဲ့လား…(မရှိပါဘုရား)၊ အင်မတန် ကျေးဇူးများပြီ…(များပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ မင်းက ဟို…ရဟန္တာတွေပြောတာ မင်း မကျေနပ်ဘူးဆိုတော့ ငါ့ကိုလာမေးတော့လည်း ငါ ပြောရမှာပေါ့ကွာ…ဆိုပြီး ဘုရားက ပြောလိုက်တယ်။

**သုသိမ၊ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ကွ**…ဖြေလိုက်ပြီ…(မှန်ပါ)၊ ဘာတဲ့တုန်း…(ရှေ့ပိုင်းက ဝိပဿနာဉာဏ်)၊ နောက်ပိုင်းက…(မဂ်ဉာဏ်ပါဘုရား)။

အဲ…ဒါပဲကွတဲ့၊ ဟို…ကိုယ်တော်တွေ ဖြေတာလည်း ဒါပဲ…(မှန်ပါ)၊ ဒကာ,ဒကာမတို့၊ ကောင်းကောင်း ကျေနပ်ပလား…(ကျေနပ်ပါပြီ)၊ ရှေ့ပိုင်းက ဘာတုန်း…(ဝိပဿနာဉာဏ်ပါ)၊ နောက်ပိုင်းက…(မဂ်ဉာဏ်ပါဘုရား)။

www.dhammadownload.com



အဲ...ဝိပဿနာဉာဏ်က ဖြစ်ပျက်ကို မြင် တယ်၊ မဂ်ဉာဏ်က နိဗ္ဗာန်ကို မြင်တယ်...(မှန်လှပါဘုရား)၊ မြင်ပုံချင်း သွားပြီး မထူးဘူးလား...(ထူးပါတယ်ဘုရား)၊ အဲဒီတော့ ဖြစ်ပျက်မြင်ရင်ပဲ ခင်ဗျားတို့ ဘာပူစရာ ရှိတော့သတုန်း...(မရှိပါဘုရား)။

ရင့်လာလို့ရှိရင်ဖြင့် အပျက်မြင် အပျက်မှန်း၊ မလာဘူးလား-(လာပါတယ်ဘုရား)၊ ဒီအပျက်တွေဟာ ဒုက္ခသစ္စာတွေပါကလား ဆိုရင် ဆုံးတော့မှာပဲ...(မှန်ပါ့ဘုရား)၊ မဆုံးပေဘူးလား...(ဆုံးပါတယ်ဘုရား)။

ဆုံးသွားလို့ ဒါ ဘာခေါ်ကြမယ်...(နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲ ဆိုတော့ နိဗ္ဗာန်မဂ္ဂသ သွားဖြစ်ပြီ...(မှန်ပါ့ဘုရား)၊မဖြစ် သေးဘူး လား...(ဖြစ်ပါတယ်ဘုရား)။

ဒါလည်း တပည့်တော် နားမလည်ဘူးတဲ့-(မှန်ပါ့)၊ ဘယ်သူ ကပါလိမ့်-(သုသိမ,ကပါ)၊ ဒါလည်း နားမလည်ဘူးဘုရား...တဲ့၊ ကဲ...မောင်မြ မခက်လားကွာ-(ခက်ပါတယ်ဘုရား)၊ ဦးစံရင် ဒါလည်း နားမလည်ဘူးတဲ့၊ ကိုမြရွှေ-(မှန်ပါ့ဘုရား)၊ မခက်ဘူး လားဗျာ...(ခက်ပါတယ်ဘုရား)။

ခင်ဗျားတို့သာ အခု ဆရာဘုန်းကြီးက ခေါင်းဆောင်ပြီး သကာလ ပြလိုက်တဲ့အတွက် ဩော်...တို့အလုပ်က ဝိပဿနာ အလုပ်၊ တို့က ဖြစ်ပျက်မြင်ဖို့အလုပ်က တို့အလုပ်...(မှန်ပါ့ဘုရား)၊ ရှင်းပလား-(ရှင်းပါပြီ)၊ မဂ်လာဖို့အလုပ်က မဂ်အလုပ်-(မှန်ပါ့ ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဖြစ်ပျက်မြင်ဖို့ အလုပ်က...(တပည့်တော်တို့ အလုပ်ပါဘုရား)၊ မဂ်လာဖို့အလုပ်က–(မဂ်အလုပ်ပါဘုရား)၊ မဂ်အလုပ်ပါတဲ့၊ မဂ်က ပေါ်ပါစေလို့ ပေါ်တာမဟုတ်ဘူး၊ သူ့ရင့်လာရင် သူ့ဟာသူ ပေါ်တာ...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာ,ဒကာမတို့၊ ဝါးနှစ်လုံးပွတ်တာ ပူဖို့ဟာသာ ပွတ်တဲ့ပုဂ္ဂိုလ်၏ အလုပ်–(မှန်ပါ့)၊ ပူလှမက ပူရင် မီးထွက်လာတဲ့ ဥစ္စာက ဝါးအလုပ်(မှန်ပါ့ဘုရား)၊ ရှင်းပလား–(ရှင်းပါပြီဘုရား)။

ပထမပူအောင် လုပ်ရတာက ပွတ်သောပုဂ္ဂိုလ်၏ အလုပ်၊ သဘောကျပလား–(ကျပါပြီ)၊ အဲ...ပူလှ,မက ပူတဲ့အခါကျတော့ မီးထွက်လာသည် ဒကာ,ဒကာမတို့၊ ပွတ်တဲ့ ပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိ ကင်းပါရဲ့လား...(မကင်းပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ပူအောင် မပွတ်သေးရင်ဖြင့် မီးမထွက်သေးဘူး...(မှန်ပါ့)၊ ဒါဖြင့် ဖြိုင်ဖြိုင် မရှုသေးရင် မဂ်မီး မထွက်သေးဘူး–(မှန်ပါ့)၊ ဖြိုင်ဖြိုင်ရှုရင်...(မဂ်မီး ထွက်ပါတယ်ဘုရား)၊ သဘောပါပလား...(ပါ–ပါပြီဘုရား)၊ ဒါဖြင့် ခန္ဓာထဲသာ ဉာဏ်လွှတ်ပါဆိုတာ အင်မတန် အရေးကြီးတဲ့ စကားပါကလားဆိုတာ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)၊ ပေါ်လာဘူးလား...(ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ,ဒကာမတို့၊ ဘုရားကလည်း ရှေ့ပိုင်းက "**ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ဟောတိ၊ ပစ္ဆာ နိဗ္ဗာနေဉာဏံ**"–(မှန်ပါ့)၊ "ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာ ဉာဏံ၊ တံ ပဌမတရံ ဥပ္ပဇ္ဇတိ"အဋ္ဌကထာ ဆရာက ဒါ...ပထမ သူ

www.dhammadownload.com



အရင်ဖြစ်တာပဲကွ၊ ပဉ္စာ နိဗ္ဗာန ဝိပဿနာယ အာစိဏ္ဏာနွေ ဝိပဿနာ ရင့်ကျက်လာလို့ရှိရင်ကွာတဲ့ မဂ်ဉာဏ် ပေါ်လာတယ်တဲ့...(မှန်ပါ့ဘုရား)။

သူရင့်ကျက်လာရင် ပေါ်လာတာတဲ့-(မှန်ပါ့)၊ တံဒုတိယံ ဥပ္ပဇ္ဇတိတဲ့၊ မဂ်ဉာဏ်ကတော့ ဒုတိယမှ ဖြစ်မယ်တဲ့၊ သူ ရင့်ကျက်ရင် ဖြစ်တာပဲတဲ့-(မှန်ပါ့ဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ခင်ဗျားတို့အလုပ်က မီးထိုးဖို့ အလုပ်ပဲ၊ ဟင်းအိုးတွေ ဘာတွေ နူးနူးနပ်နပ်ရှိအောင် မီးထိုးဖို့အလုပ်ဟာ ခင်ဗျားတို့အလုပ်...(မှန်ပါ့ဘုရား)။

နူးနူးနပ်နပ်ဖြစ်ဖို့ အလုပ်သည်ကားလို့ ဆိုလို့ရှိရင် ဒကာ, ဒကာမတို့ သူ့ဟာသူ ရေနွေးက လုပ်သွားမှာပဲ...(မှန်ပါ့ဘုရား)၊ မီးသာ ခင်ဗျားတို့က အဖန်ဖန်ထိုးဖို့ပဲ-(မှန်ပါ့)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊ ဒီလို ဟောပြန်တော့လည်း နားမလည်ဘူးလို့ သုသိမက ဖြစ်နေပြန်တော့ ဦးခင်မောင် အတော်ခက်နေတယ်-(မှန်လှပါ)၊ ကဲ...သုသိမ၊ မင်းနားလည်ချင်လည်း လည်၊ မလည်ချင်လည်း နေတော့ လာရပြန်တာပဲ...(မှန်လှပါဘုရား)။

ငါဘုရား သာသနာတော်မှာကွာ...တဲ့၊ **"နာယံသုသိမ မဂ္ဂေါ ဝါ ဖလံဝါ သမာဓိ နိသံသော"** မဂ်ဖိုလ်ရတာဟာ သမာဓိအကျိုးလဲ မဟုတ်ပါဘူးကွာ...(မှန်လှပါဘုရား)၊ သဘောကျပလား-(မှန်လှပါဘုရား)၊ သမာဓိကြောင့် ပြီးတယ်လို့လဲ မယူလိုက်ပါနဲ့...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

www.dhammadownload.com



သမာဓိကြောင့် ဖြစ်တယ်၊ သမာဓိ၏ အကျိုး၊ သမာဓိကြောင့် ပြီးဆုံးတယ်လို့ ဒီလို မယူလိုက်ပါနဲ့တဲ့...(မှန်ပါ)၊ ဝိပဿနာ ပနေသာနိသံသော...တဲ့၊ အဋ္ဌကထာ ဆရာက၊ ဝိပဿနာ၏ အကျိုးဆက်ကြောင့်သာလျှင်တဲ့၊ နိဗ္ဗာန် ရတာပါတဲ့...(မှန်ပါ ဘုရား)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ဘယ်သူ့ကြောင့် နိဗ္ဗာန်ရသလဲ...(ဝိပဿနာ၏ အကျိုးဆက်ကြောင့်ပါဘုရား)။

ဝိပဿနာကြောင့် နိဗ္ဗာန်ရတာကွ...တဲ့၊ မဂ်ဖိုလ်ဆိုတဲ့ဥစ္စာ သမာဓိ၏ စွမ်းရည်သတ္တိလဲ မဟုတ်ဘူး၊ သမာဓိကြောင့် ဖြစ် တယ်လို့လဲ မင်း ယူကိုမယူနဲ့ကွတဲ့...(မှန်ပါ)၊ ဝိပဿနာကြောင့် ဖြစ်တယ်လို့ မင်း သေသေချာချာယူ...(မှန်ပါဘုရား)၊ ဆိုတော့ ဒီလိုပြောတာလဲ ဘုရားက ရှင်းမပြောဘူးလား...(ပြောပါတယ် ဘုရား)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတယ်ဆိုတာ ဘယ့်နှယ်ကြောင့်လဲ... (ဝိပဿနာကြောင့်ပါ)၊ ဝိပဿနာဉာဏ်ကြောင့်ရတာ၊ ဟောဒီ မဂ်ဉာဏ်သာ ဝိပဿနာကြောင့် ရတယ်...(မှန်ပါ)။

နောက်က မဂ္ဂင်ရှစ်ပါးဟာ ရှေ့က ဝိပဿနာဉာဏ်ကြောင့် ရတာ...(မှန်ပါ)၊ ဒီပြင်နည်းကြောင့် ရတယ်လို့ ဘယ်တော့မှ မယူနဲ့...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ တိုက်တွန်းရတယ်၊ ဒီဉာဏ် အားထုတ်ရင် ဒီဉာဏ်ရမယ်...(မှန်ပါဘုရား)။

ဒီဉာဏ်ရလို့ရှိရင် ခင်ဗျားတို့ ဘဝများစွာက မိုက်လာတဲ့ အကုသိုလ်တွေက အခု အပါယ်ပို့မလို့၊ ရှေးဘဝတွေက ပါလာ

www.dhammadownload.com



တာ တစ်ပုံကြီးနော်...(မှန်ပါ)၊ ဒီဘဝ မသိလို့ မိုက်ထားတာတွေ၊ အပါယ်သွားဖို့တွေကော...(တစ်ပုံကြီးပါဘုရား)၊ အဲဒါတွေကို ဒီဉာဏ်တွေက အကုန် မီးရှို့ပစ်လိုက်တယ်...(မှန်ပါဘုရား)၊အဲဒီ အကုသိုလ်တွေ အကုန် မီးရှို့ပစ်လိုက်တယ်...(မှန်ပါ)၊ သဘော ကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ ကြွေးရှိတဲ့ ပုဂ္ဂိုလ်ဟာ အေးအေးမနေပါနဲ့၊ ဒီ ဉာဏ်ရအောင်လုပ်ပါ...(မှန်ပါဘုရား)၊ ဒီဉာဏ်ရအောင် လုပ်ပါ ဆိုတာ ဒီဉာဏ်ကို ကြိုးစား၊ ဒီဉာဏ်ကြိုးစားလို့ ထက်သန်ရင် ဒုတိယဉာဏ်ဟာ...(အလိုလို ရပါတယ်ဘုရား)၊ မရ-မရှိပါဘူးဆို တာ သဘောကျပလား...(ကျပါပြီ)၊ သေသေချာချာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ဘယ်ဉာဏ်ကို ရှေ့ထားပြီး အား ထုတ်ရမလဲ...(ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး အားထုတ်ရပါ မယ်)၊ အဲ...ခင်ဗျားတို့ ရှေးဦးစွာ ဖြစ်ပျက်သာ မြင်အောင်ကြည့် ...(မှန်ပါ)၊ ယားလာရင် ယားတာကလေးဟာ ရှိသေးသလား၊ မရှိဘူးလားကြည့်စမ်း...(မရှိပါဘုရား)။

မရှိတာ ဘာခေါ်မယ်...(အနိစ္စပါဘုရား)၊ သိတာက ဘာခေါ် မယ်...(မဂ္ဂပါဘုရား)၊ ဟော-သိတာ မဂ္ဂဆိုတာ ဒိငါးခုပေါ်တာ... (မှန်ပါ)၊ ခင်ဗျားတို့ ဒိငါးခုပေါ်ပြီ...(မှန်ပါ)။

ဦးခင်မောင်-ဒိငါးခု ပေါ်လာတဲ့ဥစ္စာ သာသနာတွင်း တရား လို့၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ကဲ...ဒကာ,ဒကာမတို့၊ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ဆာလိုက်တာဆိုတော့

www.dhammadownload.com



အို–ဆာတာကလေးပဲ ဒကာ,ဒကာမတို့၊ ရှိ–မရှိ ကြည့်ပါဦး… (မှန်ပါ)၊ မရှိဘူး မဟုတ်လား…(မှန်ပါ)။

ဒါဖြင့် ဆာတာကလေးက အနိစ္စ၊ တွေးလုံးကလေးက– (မဂ္ဂပါဘုရား)၊ ဟော…ဒီဉာဏ်ရတယ်၊ မရဘူးလား…(ရပါတယ် ဘုရား)၊ ဝိပဿနာဉာဏ်ပဲ ပြန်ပြန်ရတယ်–(မှန်ပါ)၊ ဒါဖြင့် ဒီဉာဏ်ကို ရဖန်များလို့ ရင့်လာလို့ရှိရင် ဒကာ, ဒကာမတို့၊ ဒီဉာဏ် အလိုလိုပေါ်မယ်–(မှန်ပါဘုရား)၊ သဘောကျပလား– (ကျပါပြီဘုရား)။

အဲဒီတော့ ဒကာ,ဒကာမတို့ တာဝန်က ၁ မှာတာဝန်ရှိတယ်၊ ၂–ဟာ အလိုလိုပေါ်မယ်–(မှန်ပါ)။

၁–ကြိုးစားရင်…(၂–ဟာ အလိုလိုပေါ်ပါမယ်)၊ ၂–အလိုလို ပေါ်မယ်ဆိုတာ ,မသေချာဘူးလား–(သေချာပါတယ်)၊ အဲဒီတော့ ဒကာ,ဒကာမတို့ တာဝန်က ၁–မှာ တာဝန်ရှိတယ်၊ ၂–ဟာ အလိုလိုပေါ်မယ်…(မှန်ပါဘုရား)။

၁–ကြိုးစားရင်…(၂–ဟာ အလိုလို ပေါ်ပါတယ်ဘုရား)၊၂– အလိုလိုပေါ်မယ်ဆိုတာ မသေချာဘူးလား…(သေချာပါတယ် ဘုရား)၊ အဲဒီတော့ အားငယ်စရာရှိရဲ့လား…(မရှိပါဘုရား) ဒကာ,ဒကာမတို့၊ ဒီသုသိမပရိဗိုဇ်သည် ဘုရားကိုက ၁–နဲ့ ဟောလိမ့်ဦးမယ် သူ့ကို–(မှန်ပါ)၊ ၁–ဉာဏ်အလျင် မေးပြီး ပြ ဦးမယ်၊ ပြတဲ့အခါ ၂–ဉာဏ် သူ့ဟာသူ ပေါ်ဦးမယ်–(မှန်ပါ ဘုရား)၊ ခိုးရင်းမဏ္ဍနဲ့ကို ပေါ်ဦးမယ်…(မှန်ပါ)။

www.dhammadownload.com



အဲဒီဥစ္စာ သေချာတော့ တရားသူခိုးတောင် မဂ်ရသေးတာပဲ၊ တို့ဟာ တရားလိုချင်လို့၊ တရားလိုချင်လို့ ရအောင်လုပ်တဲ့ ပုဂ္ဂိုလ် ဘယ်မှာ မရဘဲ ရှိမလဲ...(မှန်ပါ)။

ခိုးတဲ့လူတောင် ရဟန္တာဖြစ်သေးတယ်၊ တကယ်လိုချင်တဲ့လူ ဒကာ,ဒကာမတို့ ကိုယ့်ကိစ္စ၊ ကိုယ့်ဉာဏ်နဲ့ စေလွှတ်ရင် မပြီးဘဲ ရှိပါ့မလား...(မရှိပါဘုရား)၊ သဘောကျပလား...(ကျပါပြီ)။

အဲဒီတော့ သုသိမ တစ်နေ့က ကဟည်းက တာဝန်ခံခဲ့တယ်၊ သူတည်ပုံ ပြောမယ်လို့ ဆိုတာက ကာလ,ဝတ္ထုကို ပြောချင်တာနဲ့ ဦးခင်မောင်ရဲ့...အချိန်ကုန်သွားတယ်...(မှန်ပါ)၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် – (၁၀/၉၅)(၈)

ထုတ်ဝေသူ – ဦးအောင်ချို၊(မြဲ–၀၈၃၁)၊ မိုးကုတ်ဝိပဿနာ
တရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်–၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးတိုးဝင်း (မြဲ–၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်၊
အမှတ် ၉၆(ခ)၊ ၁၁လမ်း ၊ ရန်ကုန်မြို့။